# မြဝတီ/ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 3 July 2024 ၁၁၅၀၇


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ သဗ္ဗညုဘုရားအား ဖူးတွေ့ရစဉ်။

# ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသ သန့်ရှင်းသာယာလှပပြီး ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသ သန့်ရှင်းသာယာလှပပြီး ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

## ယနေ့ ဖတ်စရာ


၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဓာတ်မြေဩဇာတန်ချိန် ၁ ဒသမ ၆ သန်း တင်သွင်းနိုင်ရေး လျာထားသတ်မှတ်ထား

စာမျက်နှာ » ၄

စစ်ဘောင်ချဲ့ပြီး နိုင်ငံရေးဘောင်ကျဉ်းအောင်လုပ်နေသူတွေကြောင့်

ဆောင်းပါး စာမျက်နှာ » ၆

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုပါ၏ ....

ဆောင်းပါး စာမျက်နှာ » ၈

နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံ၊ နယ်ပယ်စုံတွင် အမျိုးသမီးများပါဝင်မှုကို မြှင့်တင်ဖော်ဆောင်

စာမျက်နှာ » ၉

ဖိလစ်ပိုင်နိုင်ငံရှိ စပါးခင်းများမှ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုကို ဂျပန်နည်းပညာဖြင့် ဖြတ်တောက်ခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုကို လျှော့ချ

စာမျက်နှာ » ၁၃




ကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

# ကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်း ဒီပလိုမာသင်တန်းများဖွင့်မည်

ရန်ကုန် ဇူလိုင် ၂

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်မှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အရာရှိလောင်း ဒီပလိုမာသင်တန်းများကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ နှစ်နှစ်ကြာတက်ရောက်ရမည့်သင်တန်းများမှာ ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်း(CD/52)၊ ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာ အရာရှိလောင်းသင်တန်း(CE/50)နှင့် ကုန်သွယ်ရေကြောင်း လျှပ်စစ်နည်းပညာအရာရှိလောင်းသင်တန်း(CME/05)တို့ဖြစ်သည်။ သင်တန်းများပြီးဆုံးပါက ပေးအပ်မည့် ဒီပလိုမာဘွဲ့များမှာ ရေကြောင်းပညာဒီပလိုမာ (Diploma in Nautical Studies)၊ **စာမျက်နှာ ၃ ကော်လံ ၅ သို့** ❖

ကြေးမုံ

# ရေကြီးရေလျှံသဘာဝဘေးကို ကြိုတင်ပြင်ဆင်

မြစ်များသည် အများအားဖြင့် တောင်ကုန်းတောင်တန်း၊ အရည်ပျော်နေသော ရေခဲမြစ်များမှ မြစ်ဖျားခံကာ မြေနိမ့်ပိုင်းသို့ စီးဆင်းသွားသည်။ မြန်မာနိုင်ငံရှိ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်မြစ်ကြီးသုံးသွယ်သည် မြင့်မားသော တောင်ကုန်းတောင်တန်းများမှ စီးဆင်းလျက်ရှိသည်။ ယခုမိုးရာသီကာလ အရှိန်ရလာသော အခါတွင်တောင်ကုန်းတောင်တန်းများမှစီးဆင်းလာသော အဆိုပါမြစ်ရေများကြောင့် မြေပြန့်ဒေသများတွင် ရေကြီးရေလျှံအန္တရာယ်များနှင့် ကြုံတွေ့နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

မြန်မာပြည်မြောက်ဖျား ရေခဲတောင်များမှ မြစ်ဖျားခံလာသော မေခနှင့် မလိခမြစ်နှစ်မြွာ၏ အထက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ဖျားမှစ၍ မြစ်ရေများတက်လာရာ ဇူလိုင်လ ၁ ရက်နေ့တွင် မြစ်ကြီးနားမြို့ရှိ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်အထက် မြင့်တက်လာပြီး မြစ်ကြီးနားမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း ရေများဝင်ရောက်ခဲ့သည်။ မြို့ပေါ်နေပြည်သူများ ရေကြီးရေလျှံမှုအန္တရာယ် ကြုံတွေ့လျက်ရှိပြီး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီမြစ်ရေသည် ဆက်လက်စီးဆင်းပြီး လက်ရှိတွင် ဗန်းမော်မြို့၌ စိုးရိမ်ရေမှတ်အောက်တွင်ရှိသော်လည်း မကြာမီကာလတွင် စိုးရိမ်ရေမှတ်အထက်သို့ ရောက်လာမည်ဖြစ်သည်။ ရွှေကူမြို့သည်လည်းကောင်း၊ ကသာမြို့သည်လည်းကောင်း အလားတူအခြေအနေများရှိသည်။ ဇူလိုင်လပထမ ၁၀ ရက်အတွင်း ခန့်မှန်းချက်အရ မန္တလေးမြို့တွင် လက်ရှိရေမှတ်ထက် ခြောက်ပေမှ ၁၀ ပေခန့်အထိ မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဌာနက ခန့်မှန်းထားသည်။ အလားတူ ချင်းတွင်းမြစ်ရေသည်လည်း ဟုမ္မလင်း၊ ဖောင်းပြင်၊ ခန္တီးမြို့တို့တွင် မကြာမီ စိုးရိမ်ရေမှတ်သို့ ရောက်ရှိလာမည်ဖြစ်သည်။

မြစ်ဖျားပိုင်းများတွင် မြစ်ရေများတိုးလာရာမှ မြစ်လယ်၊ မြစ်အောက်ပိုင်းများတွင် မြစ်ရေများတိုးလာပြီး ရေကြီးရေလျှံမှုများ စတင်ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများသို့ ရောက်လာပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် နှစ်စဉ် ဇူလိုင်လ၊ ဩဂုတ်လများ၌ ရေကြီးရေလျှံရေဘေးအန္တရာယ်များ ကြုံတွေ့ရလေ့ရှိသည်။ မုတ်သုံရာသီကာလ မိုးရွာသွန်းမှုအခြေအနေအရ မြစ်ရေကြီးမှုများဖြစ်ပေါ်လာပြီး ပုံမှန်ရေကြီးရေလျှံမှုဖြစ်စဉ်များအပြင် အချိန်တိုအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်းများ၊ တောင်ပြိုခြင်း၊ မြေပြိုခြင်းများနှင့် ကြုံတွေ့လာနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

ယခုနောက်ပိုင်းကာလတွင် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ၂၀၂၃–၂၀၂၄ ခုနှစ်၌ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ရေကြီးရေလျှံမှု ရေဘေးအန္တရာယ် ၁၄၄ ကြိမ် ဖြစ်ပေါ်ခဲ့သည်။ နေအိမ်အဆောက်အအုံ ၂၇၉ လုံး ပျက်စီးခဲ့သဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ မများလှသော်လည်း လူနှင့် တိရစ္ဆာန် သေဆုံး၊ ထိခိုက်၊ ဒဏ်ရာရသည့်အခြေအနေများရှိသဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်မှ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့နည်းသက်သာမည်ကို သတိပြုရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယမန်နှစ်က အင်အားအလွန့်အလွန် ပြင်းထန်သော မိုခါမုန်တိုင်းတိုက်ခတ်မှုကို နိုင်ငံတော်အစိုးရက ကြိုတင်ပြင်ဆင် စနစ်တကျ ဆောင်ရွက်နိုင်သောကြောင့် ထိခိုက်သေဆုံးမှု အနည်းဆုံးဖြစ်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

ယခုဖြစ်ပေါ်လာနိုင်မည့် ရေကြီးရေလျှံသဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြုံတွေ့လာမည့် ပြည်သူများ ထိခိုက်ဆုံးရှုံးပျက်စီးမှုများ လျော့နည်းသက်သာစေရန်အတွက် မဖြစ်ပွားမီကြိုတင်ပြင်ဆင်မှုများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အတူပူးပေါင်းလက်တွဲလျက် တက်တက်ကြွကြွ ဆောင်ရွက်ထားကြရမည်ဖြစ်သည်။ မိမိပတ်ဝန်းကျင်တွင် ရေဘေးအန္တရာယ်ဖြစ်နိုင်သော အခြေအနေများနှင့် မိမိနေအိမ်အဆောက်အအုံကြံ့ခိုင်မှုကို စစ်ဆေးထားရန်၊ ရွှေ့ပြောင်းနိုင်သည့်လမ်းကြောင်းများကို ကြိုတင်သတ်မှတ်ထားရန်၊ အန္တရာယ်ရှိသောစိုးရိမ်ရေမှတ်ကို သိရှိလေ့လာထားရန်၊ သောက်သုံးရေ၊ ဆေးဝါးနှင့် အရေးပေါ်လိုအပ်သောပစ္စည်းများကို အသင့်ပြင်ဆင်ထားရန်၊ မိုးလေဝသသတင်းများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အသိပေးနှိုးဆော်ချက်၊ ဆောင်ရွက်ရမည့်အချက်များကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပါသည်။

ထို့အပြင် ရေကြီးသောဒေသများတွင် မြစ်ချောင်းကမ်းပါးများ ပြိုကျတတ်သဖြင့် မြစ်ချောင်းကမ်းပါးသို့ မသွားရန်၊ တောင်ပေါ်ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းနေပါက တောင်အောက်၊ ချောင်းဖျား၊ မြစ်ဖျားများနှင့် မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်ကို သတိပြုရန်၊ မိုးသည်းထန်စွာရွာသွန်းချိန်တွင် တောင်ကျရေ၊ တောင်ပေါ်ရေများ ရုတ်တရက်အရှိန်အဟုန်ပြင်းစွာ ပြိုကျလာနိုင်သည်ကို ကြိုတင်သတိပြုရှောင်ရှားရန်နှင့် တောင်အောက်တွင် နေထိုင်သောသူများအနေဖြင့် တောင်ပြိုကျနိုင်သည့် အန္တရာယ်များကိုလည်း ကြိုတင်သတိပြု ရွှေ့ပြောင်းနေထိုင်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ကြရန်လိုသည်။

သို့ဖြစ်ရာ လက်ရှိကာလတွင် ကြုံတွေ့လာနိုင်သည့် ရေကြီးရေလျှံ သဘာဝဘေးအန္တရာယ်ကို သက်ဆိုင်ရာအဖွဲ့အစည်းများက အသိပေးနှိုးဆော် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ရာ ဒေသခံပြည်သူများကလည်း ထိခိုက်ဆုံးရှုံးမှုနည်းပါးအောင် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၆) ရက် ( စနေနေ့ )




**“ Cooperatives Build a Better Future for All ”**

**“အနာဂတ်ဘဝ ပိုမိုကောင်းမွန်ရေး သမဝါယမက ဆောင်ရွက်ပေး”**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ် ဇူလိုင်လ ၁ ရက်

(၂၆-၆-၂၀၂၄)ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာပါ ဘာဏ်များနှင့်ပတ်သက်သည့် ဖော်ပြချက်များတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘာဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘာဏ်နှင့် ပုဂ္ဂလိကဘာဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုမှုများ စသည့် ရေးသားဖော်ပြချက်များမှာ မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေသဖြင့် အဆိုပါရေးသားချက်အပေါ် ပြင်းထန်စွာ ကန့်ကွက်ပါကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘာဏ်မှ ထုတ်ပြန်ခဲ့ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ ဖော်ပြချက်သည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် ကိုက်ညီမှုမရှိဘဲ အများပြည်သူ အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့် အချက်များ ပါဝင်နေသည့်အတွက် မြန်မာနိုင်ငံတော် ဗဟိုဘာဏ်၏ ပြင်းထန်စွာ ကန့်ကွက်ကြောင်း ထုတ်ပြန်ချက်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို) အနေဖြင့် အပြည့်အဝ ထောက်ခံပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်
နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)

## မိုးနဲမြို့နယ်၌ မိုးစပါးစိုက်ပျိုးမည့်သမဝါယမအသင်းများသို့ သွင်းအားစုများ ထောက်ပံ့

မိုးနဲ ဇူလိုင် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် အသင်းအချင်းချင်းပံ့ပိုးငွေနှင့် မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းများသို့ သွင်းအားစု မြေဩဇာ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က မြို့နယ်သမဝါယမဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမြင့်မြင့်ကြည်က သွင်းအားစု ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းမှာကြားပြီး မိုးစပါးစိုက်ပျိုးသည့် သမဝါယမအသင်း သုံးသင်းမှ အသင်းသားတောင်သူ ၆၀ ၏ မိုးစပါးစိုက်ပျိုးဧက ၃၀၀ အတွက် ပုလဲခါတ်မြေဩဇာအိတ် ၃၀၀၊ ကွန်ပေါင်းခါတ်မြေဩဇာ အိတ် ၃၀၀ နှင့် ဇီဝသဘာဝမြေဩဇာ အိတ် ၁၀၀ တို့ကို တာဝန်ရှိသူများက အသင်းသားတောင်သူများသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂ - ၇ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၁,၂၆၅ | ၁၁,၂၆၃,၅၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၅၀ | ၁၂,၈၈၉ | ၄၂,၉၉၃,၆၀၀ |
| MCB | ၈,၃၀၀ | ၈,၂၀၀ | ၁၅၃ | ၁,၂၆၄,၉၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၂,၂၂၇ | ၃,၇၈၆,၄၀၀ |
| TMH | ၂,၈၅၀ | ၂,၇၅၀ | ၃၂၃ | ၈၉၁,၁၅၀ |
| EFR | ၁,၈၅၀ | ၁,၉၀၀ | ၃၉၅ | ၇၄၄,၅၅၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၅၉ | ၂၇၇,၃၀၀ |
| MAEX | ၃,၄၅၀ | ၃,၇၅၀ | ၁,၁၆၇ | ၄,၂၈၂,၄၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန်** - ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❂ ရှေ့ဖုံးမှ

ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ရွှေဆံတော်၊ ဓမ္မရာဇက၊ ထီးလိုမင်းလို၊ မြစေတီ၊ မနူဟာ၊ ဓမ္မရံကြီး၊ မဟာဗောဓိ၊ စူဠာမဏိ၊ ပြာသာဒ်ကြီး၊ သိကြားပုန်း၊ ပုံသကူမဟာထေရ် စသည့် ရှေးဟောင်းဘုရား ၁၁ ဆူတွင် မတ်လပထမပတ်က မိုးကြိုးလွှဲများ တပ်ဆင်မှုပြီးစီးခဲ့ပြီး ရှေးဟောင်းယဉ်ကျေးမှုဒေသပရိဝုဏ်အတွင်း၌ သန့်ရှင်းသာယာလှပစေရန် ချုံနွယ်များရှင်းလင်းခြင်း၊ လမ်းဘေး ဝဲ/ယာ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ အမှိုက်ကန်ကြီးများနှင့် အမှိုက်ပုံးများထားရှိခြင်းတို့ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်လျက်ရှိရာ လာမည့်ပွင့်လင်းရာသီတွင် ပုဂံယဉ်ကျေးမှုဒေသ၏အလှနှင့် သန့်ရှင်းသာယာလှပမှုကို ပိုမိုပေါ်လွင်စွာ တွေ့မြင်လာရမည်ဖြစ်ကြောင်း သိရသည်။

"ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသကို နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှုနဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ ပွင့်လင်းရာသီမှာ ပြည်တွင်း၊ ပြည်ပ ခရီးသွားတွေ လာရောက်လည်ပတ်တဲ့အခါ အဆင်ပြေအောင် ရွှေဆံတော်၊ မင်းနန်သူ၊ စူဠာမဏိ၊ အာနန္ဒာ၊ ဓမ္မရံကြီး၊ ဓမ္မရာဇကဘုရားအပါအဝင် အထင်ကရဘုရား၊ စေတီတွေကိုသွားတဲ့လမ်းတွေကို ပြုပြင်တာ၊ ရေနုတ်မြောင်းတွေ ဆည်တာ၊ ရေဆင်းပိုက်လိုင်းကြီးတွေ တပ်ဆင်တာ၊ ရှေးဟောင်းရေကန်တွေ တူးဖော်တာနဲ့ လမ်းတွေပြုပြင်ဖာထေးတာ စတဲ့လုပ်ငန်းတွေကိုလည်း နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့နဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရဲ့ အလှဟာ ပိုပြီးပေါ်လွင်လာမှာဖြစ်တဲ့အတွက် ခရီးသွားတွေ ပိုမိုဝင်ရောက်လာမယ်လို့ ခန့်မှန်းထားပါတယ်" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းက ပြောသည်။

ထို့ပြင် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လေ့လာကြည့်ရှုရာတွင် အဆင်ပြေချောမွေ့စေရန် စူဠာမဏိနှင့် ထီးလိုမင်းလို ဘုရားဝင်းအတွင်း၌ အုတ်၊ သဲကျောက်ပြားတို့ဖြင့် ပတ်လမ်း၊ လျှောက်လမ်းဖော်ဆောင်ခြင်းနှင့် ပတ်လမ်းနှင့် ဘုရားအကြားလစ်လပ်နေသောနေရာများ ခင်းကျင်းခြင်းလုပ်ငန်းကို အဆိုပါဘုရားများမှ တာဝန်ရှိသူများက ဆောင်ရွက်သွားမည်ဖြစ်ပြီး ရွှေစည်းခုံစေတီတော်မြတ်အား လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူခြင်းနှင့် လမ်းညွှန်အမှတ်အသားများ အသစ်ပြန်လည်ဆောင်ရွက်ခြင်းနှင့် ရုပ်စုံကျောင်းနှင့် ဦးကြုံပေါ်တန်ဆောင်းပြုပြင်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်နေကြောင်း သိရသည်။

**ခန့်မှန်းထား**

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေတွင် မိုးရာသီ၌ ခရီးသွားဝင်ရောက်မှုနည်းသော်လည်း နေ့စဉ်ခရီးသွား မပြတ်ဝင်ရောက်လျက်ရှိပြီး ပွင့်လင်းရာသီဖြစ်သည့် အောက်တိုဘာလမှစတင်၍ ခရီးသွားကဏ္ဍ ပြန်လည်ကောင်းမွန်လာမည်ဖြစ်ကြောင်း ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများက ခန့်မှန်းထားသည်။



ဓမ္မရံကြီးဘုရားတွင် ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရာ၌ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးသည် နိုင်ငံတော်မှ ချမှတ်ထားသော လူမှုရေးဦးတည်ချက်တွင် တစ်ခုအပါအဝင်ဖြစ်ပြီး နိုင်ငံသားတိုင်း မြန်မာ့ယဉ်ကျေးမှုကို ချစ်မြတ်နိုးလာစေရန်နှင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံတကာအဆင့်မီ ထိန်းသိမ်းနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရှေးဘိုးဘွားများထားရှိခဲ့သော တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းအမွေအနှစ် ဒြပ်ရှိယဉ်ကျေးမှုရတနာများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း ကာကွယ်စောင့်ရှောက်သွားရန်နှင့် အမျိုးသားအမွေအနှစ်မှတစ်ဆင့် ကမ္ဘာ့အမွေအနှစ် ဒြပ်ရှိယဉ်ကျေးမှုများ ရေရှည်တည်တံ့စေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

**ညီမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ-ကနူး**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံးမှ အာရှဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Mr. Sanjay Mathur နှင့် အဖွဲ့ဝင်နှစ်ဦးကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) မှ အာရှဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး (Regional Director) Mr. Sanjay Mathur နှင့် အဖွဲ့ဝင်နှစ်ဦးကိုယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနနှင့် UNOPS အဖွဲ့တို့က စီမံခန့်ခွဲမှု ဆောင်ရွက်နေသည့် Global Fund ရန်ပုံငွေအဖွဲ့၏ တီဘီ၊ HIV နှင့် ငှက်ဖျားရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ ရန်ပုံငွေအသုံးပြုမှုဆိုင်ရာ ကိစ္စရပ်များ၊ ရန်ပုံငွေများအား မသက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် အကြမ်းဖက်လုပ်ငန်းဆောင်ရွက်နေသူများထံ မရောက်ရှိစေရေး ကြိုးကြပ်ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဝန်ကြီးရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

**❖ ကုန်သွယ်ရေကြောင်းမှ**

ရေကြောင်းနည်းပညာဒီပလိုမာ (Diploma in Maritime Technology)၊ ရေကြောင်းလျှပ်စစ်နည်းပညာဒီပလိုမာ (Diploma in Marine Electrical Technology) တို့ဖြစ်သည်။ လျှောက်ထားလိုသူများအနေဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက် ၂၁ နှစ်အထက် မကျော်လွန်သူဖြစ်ရမည်ဖြစ်ကာ အရာရှိလောင်းသင်တန်းများအတွက် KG+12 စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များပါဝင်သော (သိပ္ပံ/ဝိပ္ပံ) ဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်းရမှတ် အနည်းဆုံး ၄၀၀ ရှိရမည်ဖြစ်ကြောင်း သိရသည်။

ကုန်သွယ်ရေကြောင်း လျှပ်စစ်နည်းပညာအရာရှိလောင်းသင်တန်းအတွက် KG+12 စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များပါဝင်သော (သိပ္ပံ/ဝိပ္ပံ) ဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်းရမှတ် အနည်းဆုံး ၃၉၀ ရှိရမည်ဖြစ်သည်။ အဆိုပါသင်တန်းများကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှစပြီး ဩဂုတ် ၃၀ ရက်အထိ ကျောင်းတွင် သွားရောက်လျှောက်ထားနိုင်သည်။ ဖွင့်လှစ်သင်ကြားပေးမည့် အရာရှိဒီပလိုမာသင်တန်းများတွင် ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်းအတွက် ၁၃၀၊ ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်းသင်တန်း ၁၃၀ နှင့် ကုန်သွယ်ရေကြောင်း လျှပ်စစ်နည်းပညာအရာရှိလောင်းသင်တန်းအတွက် ၄၀ တို့ လက်ခံသွားမည်ဖြစ်သည်။ ဘုရင့်နောင်လမ်းမ ကမာရွတ်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် သင်တန်းဝင်ခွင့်ကို လူတွေ့စစ်ဆေးရွေးချယ်မည်ဖြစ်ကာ အသေးစိတ်အချက်အလက်များကို မော်ကွန်းထိန်းရုံး၊ သင်တန်းဌာနများသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်သည့်အပြင် Website www.mmmc.edu.mm နှင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်-MMMC Facebook Page တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**TWA**

# ဒုတိယဝန်ကြီး ဦးလွင်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် မစ္စတာ ချန်းချန်းအား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ မြန်မာ-တရုတ် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ပိုမိုမြှင့်တင်နိုင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စတို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ခာတ်မြေသြဇာတန်ချိန် ၁ ဒသမ ၆ သန်း တင်သွင်းနိုင်ရေး လျာထားသတ်မှတ်ထား




**နေပြည်တော် ဇူလိုင် ၂**

ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ်(၁၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ကိုယ်စားလှယ်များ၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ခာတ်မြေသြဇာတန်ချိန် ၁ ဒသမ ၆ သန်း တင်သွင်းနိုင်ရေး လျာထားသတ်မှတ်ထားရာ သွင်းအားစုတင်သွင်းသည့် ကုမ္ပဏီအလိုက် လျာထားတင်သွင်းခွင့်ပြုထားသည့် ပမာဏတန်ချိန်များအတွက် ဈေးနှုန်းအနည်းဆုံးဖြင့် တင်သွင်းဖြန့်ဖြူးရောင်းချပေးနိုင်မည့် ဈေးနှုန်းများကို ယှဉ်ပြိုင်စနစ်ဖြင့် စိစစ်ရွေးချယ်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းကြောင့် ယခုနှစ်တွင် ဈေးနှုန်းပိုမိုသက်သာစွာ တောင်သူများကို ဖြန့်ဖြူးပေးနိုင်ပါကြောင်း၊ ထုတ်ပြန်ထားပြီးသော ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချရန် ကုမ္ပဏီများကိုလည်း လမ်းညွှန်ထားကြောင်း၊ မြေသြဇာအသင်းအနေဖြင့် အသင်းဝင်ကုမ္ပဏီများကို ကြီးကြပ်ပေးရန် ပြောကြားလိုပါကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေနှင့် ဆောင်ရွက်သည့်စီမံကိန်းများတွင် အချိန်မီဖြန့်ဖြူးပေးနိုင်ရေး၊ ဈေးနှုန်းနှင့် အရည်အသွေးမှန်ကန်မှုရှိစေရေး ကြီးကြပ်ပေးရမည်ဖြစ်ပါကြောင်း။

ခာတ်မြေသြဇာများ သိုလှောင်ခြင်း၊ ဈေးကစားခြင်း၊ ဈေးနှုန်းတင်ရောင်းချခြင်းများမရှိစေရေးအတွက် သက်ဆိုင်ရာအဖွဲ့ဝင်ဌာနများက ကြီးကြပ်ဆောင်ရွက်ပေးရန်နှင့် သတင်းများရရှိ၊ တွေ့ရှိလျှင် ဦးဆောင်ကော်မတီသို့ တင်ပြပေးရန်နှင့် မြို့နယ်အလိုက် အရောင်းဆိုင်များ၊ ဂိုဒေါင်များတွင် သတ်မှတ်ဈေးဖြင့် ရောင်း/မရောင်းကို ကော်မတီဝင်ဌာနဖြစ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးပြီး ဆိုင်ရာကော်မတီဝင်ဌာနများနှင့်အတူ စိစစ်ပေးရန် ပြောကြားလိုကြောင်း၊ လိုအပ်သည်များ စိစစ်နိုင်ရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များကိုလည်း ညှိနှိုင်းအကြောင်းကြားထားပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားမှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက အသင်းဝင်ကုမ္ပဏီများမှ ရည်ညွှန်းဈေးအတိုင်း ရောင်းချနိုင်ရေး ကြီးကြပ်ဆောင်ရွက်နေမှု၊ ဖြန့်ဖြူးရောင်းချမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းတို့က လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြပြီး ဦးဆောင်ကော်မတီအဖွဲ့ဝင်ဦးစီးဌာန ကိုယ်စားလှယ်များက ဝိုင်းဝန်းအကြံပြုရှင်းလင်းဆွေးနွေးတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက သွင်းအားစုများအချိန်မီရရှိရေး၊ အရည်အသွေးပြည့်မီရေးနှင့် ဈေးနှုန်းသက်သာစေရေးတို့အတွက် သက်ဆိုင်ရာအဖွဲ့ဝင်ဌာနများက ပူးပေါင်း ကြီးကြပ်ဆောင်ရွက်ပေးကြရန် မှာကြားကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရန်ကုန်အထိုင်ဈေးနှုန်းများအနေဖြင့် ယူရီးယားအလုံးကြီးကီလို ၅၀ တစ်အိတ်လျှင် ငွေကျပ် ၇၃၀၀၀၊ ရော့ခ်ဖော့စ်ဖိတ်အခြေခံ ၁၅ ပတ်လည်ကီလို ၅၀ တစ်အိတ်လျှင် ငွေကျပ် ၁ သိန်းနှုန်း၊ ဒီအေပီအခြေခံ ၁၅ ပတ်လည် ကီလို ၅၀ တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ နှုန်း၊ ကွန်းပလပ်စ် ၁၅ ပတ်လည် ကီလို ၅၀ တစ်အိတ်လျှင် ငွေကျပ် ၁၂၂၀၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိပြီး အဆိုပါဈေးနှုန်းများသည် ရန်ကုန်အထိုင်ဈေးဖြစ်၍ သက်ဆိုင်ရာဒေသအရောက် သယ်ယူစရိတ်နှင့် အရောင်းဆိုင်အမြတ်ငွေတို့ ထည့်ပေါင်းကာ ဈေးသတ်မှတ်ရန်၊ ခာတ်မြေသြဇာများ သိုလှောင်ခြင်း၊ ဈေးကစားခြင်း၊ ဈေးနှုန်းတင်ရောင်းချခြင်းများ မပြုလုပ်ရန်တို့ကို ပြည်နယ်နှင့် တိုင်းဒေသကြီး ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တောင်သူများနှင့်တွေ့ဆုံ**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အင်ပင်ကျေးရွာသို့ သွားရောက်၍ ငြိမ်းချမ်းသာယာလယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ ဝါစိုက်အသင်းသား တောင်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံရာ သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက တပ်ကုန်းမြို့နယ်အတွင်း ဆောင်ရွက်နေသည့် မိုးဝါဧက ၁၄၄၀ စိုက်ပျိုးရေး လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများရရှိရေး စိတ်တူကိုယ်တူဆန္ဒတူသူများဖြင့် သမဝါယမအသင်း အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပါက စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေရရှိရေးနှင့် နည်းပညာရရှိရေးတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဝါခူးဆွတ်ချိန်တွင်လည်း အရည်အသွေးမှာ Grade A, B, C ရှိသဖြင့် ဈေးကောင်းရအောင် ခူးဆွတ်ရန် တောင်သူများကို အသိပညာပေးရန်လိုအပ်ကြောင်း၊ နည်းပညာ၊ စက်ပစ္စည်း၊ အရင်းအနှီးများ ပံ့ပိုးပေးပြီး Value Added အဖြစ် ထွက်ရှိလာသောဝါကို ချည်ဖြစ်သည်အထိ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အသင်းသားတောင်သူများ၏ လုပ်ငန်းလိုအပ်ချက်များ တင်ပြမှုအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဝါစိုက်အသင်းသားတောင်သူများထံ RAKA-666 ဝါမျိုးအိတ် ၁၅၀ နှင့် သြဘာကွန်ပေါင်းမြေသြဇာ ၁၆၂ အိတ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အသင်းသားတောင်သူများ၏ ဝါစိုက်ပျိုးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (မိတ္ထီလာ)တို့ ပူးပေါင်း၍ "လူငယ်နှင့်ဖြောင့်မတ်တည်ကြည်မှု" လူငယ်စကားဝိုင်း ကျင်းပ




**နေပြည်တော် ဇူလိုင် ၂**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာ အထက်တန်းကျောင်း (မိတ္ထီလာ) တို့ ပူးပေါင်း၍ ကျင်းပသည့် "လူငယ်နှင့်ဖြောင့်မတ်တည်ကြည်မှု" လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီခွဲတွင် အစိုးရနည်းပညာအထက်တန်းကျောင်း (မိတ္ထီလာ) အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ မိတ္ထီလာခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ အစိုးရနည်းပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးစိန်ကျော်လှိုင်နှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**လူငယ်များပါဝင်ရန် လိုအပ်**

ဦးစွာ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းက အဂတိလိုက်စားမှုသည် လူငယ်များ၏ အရည်အသွေး၊ စွမ်းဆောင်ရည်နှင့် တက်ကြွမှုများကိုပါ နှောင့်နှေးသွားစေနိုင်ကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် လူငယ်များပါဝင်ရန် လိုအပ်ကြောင်း၊ အဂတိလိုက်စားမှုများကို တိုက်ဖျက်ရန် ပထမဦးစွာ ဖြောင့်မတ်တည်ကြည်မှုကို ဦးစွာတည်ဆောက်ရန် လိုကြောင်း၊ ဖြောင့်မတ်တည်ကြည်မှု မြင့်မားလာပါက အဂတိလိုက်စားမှုလည်း လျော့နည်း ကျဆင်းသွားနိုင်ကြောင်း၊ လူငယ်များအနေဖြင့် လူ့အဖွဲ့အစည်းအပေါ် မှန်ကန်ကောင်းမွန်သည့် အတွေးအမြင်များ ရရှိလိုက်နာကျင့်သုံးကြရန် လိုအပ်ကြောင်း၊ ယခု အခမ်းအနားမှ ရရှိသည့်အတွေးအခေါ် အယူအဆများကို မိမိတို့ကောလိပ်၊ မိမိတို့ ပတ်ဝန်းကျင်များတွင် ထပ်ဆင့်မျှဝေ ပေးကြရန်လိုကြောင်း ပြောကြားသည်။

**စကားဝိုင်းဆွေးနွေး**

ဆက်လက်၍ "လူငယ်နှင့်ဖြောင့်မတ်တည်ကြည်မှု" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပပြီး အစိုးရနည်းပညာ အထက်တန်း ကျောင်းမှ ကျောင်းသား ကျောင်းသူများက ၎င်းတို့သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်ကြသည့် ကျောင်းသား ကျောင်းသူများက ရှင်းနီးပွင့်လင်းစွာ ပြန်လည်ဖြေကြားပြီး အစိုးရနည်းပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးစိန်ကျော်လှိုင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇူလိုင် ၂**

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မိတ္ထီလာမြို့ရှိ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်များနှင့် အခြေခံပညာကျောင်းများ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ကြည့်ရှုစစ်ဆေး၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေး



နေပြည်တော် ဇူလိုင် ၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့်အတူ ယနေ့နံနက်ပိုင်းက မိတ္ထီလာတက္ကသိုလ်၊ မိတ္ထီလာပညာရေးဒီဂရီကောလိပ်ကျောင်းနှင့် မိတ္ထီလာမြို့ရှိ အခြေခံပညာကျောင်းများသို့ သွားရောက်၍ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာတက္ကသိုလ်သို့ရောက်ရှိပြီး သဘာယခန်းတွင် မိတ္ထီလာတက္ကသိုလ်၏ Master plan ကိုကြည့်ရှုစစ်ဆေး၍ စာသင်ဆောင်များ၊ အရာထမ်း၊ အမှုထမ်းအိမ်ရာနှင့် ကျောင်းသားကျောင်းသူအိပ်ဆောင်များ၊ တည်ဆောက်နေရာချထားမှုများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ယင်းနောက် တက္ကသိုလ်ဝင်းအတွင်း လှည့်လည်၍ မိတ္ထီလာတက္ကသိုလ်သုတေသနစင်တာ တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် စာသင်ဆောင်များ၊ အရာထမ်း၊ အမှုထမ်းအိမ်ရာများ၊ ကျောင်းသား ကျောင်းသူအိပ်ဆောင်များ၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းအတွင်း အေးချမ်းစွာပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အဆိုပါ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ စီမံဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို ဗလငါးတန်နှင့်ပြည့်စုံပြီး အမှန်တကယ်ကျွမ်းကျင်တတ်မြောက်သူများဖြစ်အောင် သင်ကြားပို့ချပေးကြစေလိုပါကြောင်း၊ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် ဆရာ ဆရာမများကိုယ်တိုင်က မိမိတို့ဘာသာရပ်ဆိုင်ရာ စာအုပ်၊ စာပေများကို အမြဲမပြတ်ဖတ်ရှုလေ့လာနေကြရန်လိုအပ်ပါကြောင်း၊ လက်တွေ့ခန်းသုံး၊ သုတေသနသုံးစက်ပစ္စည်းများကိုလည်း အကျိုးရှိရှိ ထိရောက်စွာ အသုံးပြုဆောင်ရွက်ကြစေလိုပါကြောင်း၊ တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ကြားရေး အပြင် စီမံဘဏ္ဍာဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြစေလိုပါကြောင်း၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်တတ်မြောက်စေရုံမျှမက မျိုးချစ်စိတ် နိုင်ငံချစ်စိတ်ရှိသော လူတော်လူကောင်းများဖြစ်အောင် လေ့ကျင့်သင်ကြားပေးစေလိုပါကြောင်း၊ မိမိတို့တက္ကသိုလ်၏ သင်ကြားရေး၊ စီမံရေးဆိုင်ရာများ အရည်အသွေးတိုးတက်မြင့်မားအောင် အားလုံးက ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း မှာကြားပြီး ဌာနအလိုက် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာပညာရေးဒီဂရီကောလိပ်သို့ သွားရောက်၍ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ကျောင်းအတွင်းတည်ဆောက်ဆဲ အဆောက်အအုံများ၊ တည်ဆောက်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ အဆောက်အအုံများနှင့် မြေနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း(ရှမ်းတဲ)၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ ကြောင်း သိရသည်။

သတင်းစဉ်



## ကျိုက်ထိုမြို့ မူလွန်(ကော့စံနိုင်) ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်ဖွင့်

ကျိုက်ထို ဇူလိုင် ၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီက ကျိုက်ထိုမြို့ ကော့စံနိုင်ရပ်ကွက်ရှိ မူလွန်ကော့စံနိုင်ကျောင်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပေးပြီး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

### ဟောပြောဆွေးနွေး

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာဦးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က ကျောင်းသား ကျောင်းသူများအား စာပေလေ့လာဖတ်ရှုကြရေး ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

### ကြည့်ရှုလေ့လာ

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာပေများနှင့်၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)

## ပြည်မြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနား ကျင်းပ



ပြည် ဇူလိုင် ၂

ပြည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သိရီရတနာခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနား ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ စီးပွားရေးရာဝန်ကြီး ဦးတင်ဦးနှင့် လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်တို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

### လေ့လာဖတ်ရှု

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အခြေခံ ပညာကျောင်းများကို အခြေခံ၍ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို ကျောင်းသားလူငယ်များ နိုင်ငံ့အနာဂတ် လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်မှုများ အရှိန်အဟုန်မြှင့်မားလာစေရန်၊ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ စာဖတ်သည့်ဓလေ့၊ စာကြည့်တိုက်များသို့ ဝင်ထွက်သွားလာသည့် အလေ့အကျင့်များ ဖြစ်လာစေရန်၊ စာဖတ်ခြင်းကို တန်ဖိုးထားကာ ဉာဏ်ပညာ အတွေးအခေါ် မြင့်မားရေး ဗဟုသုတပြည့်စုံကြွယ်ဝရေးတို့အတွက် စာတတ်သူတိုင်း စာဖတ်ကြရန်၊ ပညာဗဟုသုတပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက် ပြုနိုင်သူများဖြစ်လာစေရန် ရည်ရွယ် ကျင်းပပေးရခြင်းဖြစ်ကြောင်း၊ ပညာဆိုသည်မှာ ဆောင်ရန်၊ ရှောင်ရန်များကို ခွဲခြားသိမြင်လိုက်နာကျင့်သုံးခြင်းဖြစ်ကြောင်း၊ လူကြီး လူငယ် လူရွယ်အားလုံး စာဖတ်ကြရန်လိုအပ်ပြီး စာများများဖတ်ပါက အကောင်းအဆိုး ခွဲခြား သိမြင်နိုင်မည်ဖြစ်ကာ ဖတ်သင့်သည့်စာနှင့် မဖတ်သင့်သည့်စာ သိရှိလာနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းစာများအပြင် ဗဟုသုတ ရရှိရန် စာအုပ်စာပေများလေ့လာ ဖတ်ရှုစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့က စာကြည့်တိုက်များအတွက် စာအုပ်စာပေ ထောက်ပံ့လှူဒါန်းခြင်းနှင့် သီးခြားအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများကို လည်းကောင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက စာအုပ်စာပေအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းနှင့် စာပေပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၏ တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ ကျပန်းစကားပြောခြင်းနှင့် ပုံပြောခြင်း စသည့် သရုပ်ပြသမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် စာအုပ်စာပေပြခန်းများ၊ ရှေးဟောင်း ယဉ်ကျေးမှုပြခန်းများ၊ တက္ကသိုလ်ဆိုင်ရာ ဘာသာရပ်ပြခန်းများ၊ စာကြည့်တိုက်များ၊ ကျောင်းသား ကျောင်းသူ စွမ်းရည်ပြိုင်ပွဲများနှင့် စာအုပ် ဈေးရောင်းပွဲတော်များအား လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# စစ်ဘောင်ခြဲ့ပြီး နိုင်ငံရေးဘောင်ကျဉ်းအောင် လုပ်နေသူတွေကြောင့်

စွမ်းပြည့်

> **ဒီအချိန်မှာ ပြည်သူတွေ၊ တိုင်းရင်းသားတွေ အလိုချင်ဆုံးက တည်ငြိမ်ရေးနဲ့ အေးချမ်းရေးပါပဲ။ စစ်ဒဏ်ခံတိုင်းရင်းသားပြည်သူတွေက အင်မတန် သနားစရာကောင်းလှပါတယ်။ စစ်ကြောင့် မိမိတို့ အိုးအိမ်တွေအဖျက်ဆီးခံရ၊ အိမ်တွေဖောက်ထွင်းခံရ၊ အသတ်ခံရ၊ သေကျေဒဏ်ရာရ၊ ပြေးရလွှားရ၊ ရှောင်ရတိမ်းရ၊ စစ်ဘေးရှောင် ဒုက္ခသည်ဘဝနဲ့ အလွန့်အလွန်ဆိုးရွားလှတဲ့ဘဝတွေပါ။ ဒါကို မြန်မာ့တပ်မတော်က စတင်ခဲ့ခြင်းမဟုတ်၊ ငြိမ်းချမ်းရေးလိုလားတဲ့တပ်မတော်က ဘယ်တိုက်ပွဲမှ မစတင်ခဲ့ဖူးသလို ဘယ်လိုပြဿနာမျိုးမှလည်း စတင်ဖန်တီးသူ မဟုတ်ခဲ့ပါဘူး**

မြန်မာနိုင်ငံက EAO လက်နက်ကိုင်တွေ ဘာဖြစ်ချင်ကြသလဲ၊ ပြည်တွင်းက ပြည်ဖျက်အစွန်းရောက်တွေကော ဘာဖြစ်ချင်တာလဲ၊ ပြည်ပက နည်းမျိုးစုံနဲ့ ခြယ်လှယ်နေသူတွေကော မြန်မာနိုင်ငံကြီးကို ဘာဖြစ်စေချင်နေတာလဲ။

မေးသာမေးရတယ်။ အဖြေကရှိပြီးသား။ မြန်မာပြည်ကြီးပျက်စီးဖို့၊ မြန်မာလူမျိုးတွေ သေကျေထိခိုက်ဖို့၊ မြန်မာဆိုတဲ့အမှတ်အသားကို ဖျောက်ပစ်ဖို့၊ လူတွေကို လမ်းပေါ်ဆွဲခေါ်၊ ဆူပူအုံကြွအောင်လုပ်မယ်။ မြေပေါ်မြေအောက်ကနေ မြေပေါ်က ကောလာဟလပေါင်းစုံလွှင့်၊ တပ်မတော်ကို ပုံရိပ်ကျအောင်လုပ်၊ ဖြိုခွဲမယ့်အကြံ၊ မြေအောက်က နိုင်ငံကို ဖျက်ဆီးမယ့်အကြံ၊ အချိန်ကိုက်ဗုံးခွဲဖို့ အတွင်းအပြင်ညှပ်ပြီး တိုက်ခိုက်ထိုးနှက်ကြမယ့်အကြံအစည်၊ အကြောင်းအမျိုးမျိုးပြ၊ ခေါင်းစဉ်စုံအောင်တပ် ဂဏန်းအမျိုးမျိုးပြ နောက်ဆုံးမှာ နိုင်ငံကောလူမျိုးပါ အလုံးစုံပျက်သုဉ်းဖို့၊ ဒါပါပဲ၊ အခြားမရှိပါဘူး။

## အတ္တနှင့်ပရ တည်ဆောက်သူနှင့် ဖျက်ဆီးသူ ဘယ်သူ သိသူကသိသည်

သူတို့အတွက်ကော ဘာအကျိုးရှိမလဲ။ များစွာ အကျိုးရှိပါတယ်။ မြို့တွေသိမ်း၊ နယ်တွေသိမ်းပြီး မြို့ကိုပျက်အောင်လုပ်၊ အုပ်ချုပ်ရေးယန္တရားပျက်သွားအောင် လုပ်လာတာတွေ့ရမယ်။ လက်နက်ကိုင်နဲ့ သူတို့မိသားစုတွေအဖို့သာ ကောင်းစားရေး၊ မြေပေါ်မြေအောက် သယံဇာတတွေကို ရသမျှ ဝါးမျိုပြီး ကောက်စားဖို့ သူတို့အတ္တအတွက်သာ။ TNLA က ပလောင်လူမျိုးတွေအတွက်မဟုတ်ပါ၊ AA ကလည်း ရခိုင်လူမျိုးတွေအတွက်မဟုတ်... စသည် စသည်။

EAO အားလုံးဟာ သူတို့တိုင်းရင်းသားတွေ အတွက် ဘယ်တုန်းကမှ ထိထိရောက်ရောက် မရှိခဲ့ပါဘူး။ မိမိမိသားစု၊ မိမိလူမျိုးတစ်စုကောင်းစားရေး ရသမျှအမြတ်ထုတ်နေကြခြင်းသာဖြစ်တယ်။ လက်နက်ကိုင်စီးပွားရှာတဲ့အရသာ၊ နယ်မြေသိမ်းတဲ့အရသာ သူတို့သိသွားကြပြီလေ။ တိုက်ပွဲဖော်ခံခဲ့ရတဲ့ ဒေသတွေမှာ EAO တွေဟာ နယ်မြေခံလူထုကို နည်းအမျိုးမျိုးနဲ့ နှိပ်စက်ကြပါတယ်။

သူတို့ဝင်လာမှ အခွန်အတုပ် တိုးကောက်ခံရတယ်၊ ဆက်ကြေးကောက် ပြန်ပေးဆွဲတဲ့ဒဏ် အလူးအလဲခံကြရတယ်၊ ပညာသင်ကြားခွင့် မကြားစဖူး ကန့်သတ်ခံရတယ်၊ မူးယစ်ဆေးစွဲ၊ လက်နက်ကိုင် စီးပွားရှာတဲ့အရသာ လူငယ်တွေကြား အစွဲကြီးစွဲသွားခဲ့ပြီ။ ပို့ကုန်၊ သွင်းကုန်ကဏ္ဍပျက်စီးပြီး နိုင်ငံ့စီးပွားရေးနှောင့်နှေးကာ ပြည်သူတွေမှာ ကုန်ဈေးနှုန်းအဆမတန်ကြီးမြင့်မှုဒဏ်ခံကြရတယ်။ ဘာသာသာသနာဟာ သွေးခွဲခံရ၊ ဖျက်ဆီးခံရတယ်။

နယ်မြေဒေသတွေကို အတင်းအဓမ္မ သိမ်းပိုက်တိုးချဲ့ကြ၊ မူလတိုင်းရင်းသားဒေသခံတွေ မောင်းထုတ်ခံရ၊ စစ်ဘေးရှောင်ဖြစ်အောင် အတင်းအဓမ္မ မောင်းထုတ်ကြတယ်၊ တိုင်းရင်းသားလူမျိုးအချင်းချင်း လူမျိုးရေးခွဲခြားပြီး တိုင်းရင်းသားတွေရဲ့ မူလယဉ်ကျေးမှုစရိုက်လက္ခဏာတွေ ပပျောက်အောင် လုပ်လာကြတယ်။ တစ်နိုင်ငံလုံး စိတ်ဓာတ်တွေ ပျက်စီးပြီး အမျိုးသားစရိုက်လက္ခဏာတွေ ပျောက်ကွယ်သွားအောင် ပြည်ပလိုလားချက်အတိုင်း ဆောင်ရွက်လာကြခြင်းသာဖြစ်တယ်။

**သူတို့လက်နက်ဟာ သူတို့လူမျိုး၊ သူတို့ဒေသအတွက်သာ အမှန်ဆိုရင် သူတို့လူမျိုးတွေကို တိုက်ပွဲတွင်းမှာ လူသားတံတိုင်းအဖြစ် ဘာကြောင့် ရက်ရက်စက်စက်လုပ်ရက်ကြပါသလဲ။ နိုင်ငံတော်က ဆောင်ရွက်ပေးထားတဲ့ ဒေသဖွံ့ဖြိုးရေး လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံတွေကို ဘာကြောင့် ဖျက်ဆီးနေကြသလဲ။ တပ်မတော်မရှိတဲ့ဒေသတွေ**မှာ သူတို့လူမျိုးတူအချင်းချင်း ဘာကြောင့် နယ်မြေလုနေကြသလဲ။ အကျိုးစီးပွားအတ္တကြောင့် မှိုလိုပေါက်နေတဲ့၊ အသိမဲ့လက်နက်ကိုင်တွေကြား ယခုလို သူတစ်လူငါတစ်မင်းဖြစ်နေကြတာ မဆန်းပါဘူး။

ဆိုလိုတာက တပ်မတော်စိုးမိုးတဲ့နယ်မြေတွေမှာ ဒီလိုအခြေအနေမျိုးတွေ ဘယ်တုန်းကမှ မရှိခဲ့ဖူးပါ။ ဒါကြောင့်လည်း ရိုးသားတဲ့ ဒေသခံတိုင်းရင်းသားတွေဟာ တစ်ခုပဲရှိတဲ့ အမြဲတမ်းတပ်မတော်ကိုသာ အားကိုးလိုကြခြင်းဖြစ်တယ်။ တပ်မတော်မရှိရင် မငြိမ်းချမ်းဆိုပြီး အရေးကြုံရင် အားကိုးစရာ တပ်မတော်ကြီး အစဉ်တည်မြဲနေဖို့သာ လိုလားကြတယ်။ ဖျက်သူကဖျက်လို့၊ အဖျက်ခံရပြီးရင် မရရတဲ့နည်းနဲ့ ပြန်တည်ဆောက်ပေးတာလည်း တပ်မတော်ပဲဆိုတာ တိုင်းရင်းသားတွေသိကြတယ်။ တပ်မတော်က နိုင်ငံကိုပျက်စီးအောင် ဘယ်တော့မှ မလုပ်၊ ပြည်သူတွေ ဘေးသင့်ဒုက္ခရောက်တိုင်း ကယ်ဆယ်ဖို့ အမြန်ရောက်လာတတ်တယ်ဆိုတာကို သူတို့သိကြတယ်။ အမုန်းတရားတွေ နေရာယူနေသရွေ့ အဖြေမရှိဘူးဆိုတဲ့အချက်ကို ပညာရှိသူတိုင်းက သိကြပါတယ်။

## သမိုင်းပေးတာဝန်ကျေပွန်ရမည်ဖြစ်သော တပ်မတော်နှင့် ပြည်သူ

**ဒီအချိန်မှာ ပြည်သူတွေ၊ တိုင်းရင်းသားတွေ အလိုချင်ဆုံးက တည်ငြိမ်ရေးနဲ့ အေးချမ်းရေးပါပဲ။ စစ်ဒဏ်ခံ တိုင်းရင်းသားပြည်သူတွေက အင်မတန် သနားစရာကောင်းလှပါတယ်။ စစ်ကြောင့် မိမိတို့ အိုးအိမ်တွေအဖျက်ဆီးခံရ၊ အိမ်တွေဖောက်ထွင်းခံရ၊ အသတ်ခံရ၊ သေကျေဒဏ်ရာရ၊ ပြေးရလွှားရ၊ ရှောင်ရတိမ်းရ၊ စစ်ဘေးရှောင်ဒုက္ခသည်ဘဝနဲ့ အလွန့်အလွန် ဆိုးရွားလှတဲ့ဘဝတွေပါ။ ဒါကို မြန်မာ့တပ်မတော်က စတင်ခဲ့ခြင်းမဟုတ်၊ ငြိမ်းချမ်းရေးလိုလားတဲ့တပ်မတော်က ဘယ်တိုက်ပွဲမှ မစတင်ခဲ့ဖူးသလို ဘယ်လိုပြဿနာမျိုးမှလည်း စတင်ဖန်တီးသူ မဟုတ်ခဲ့ပါဘူး။**

လက်နက်ကိုင်နည်းလမ်းနဲ့ တရားမဝင်ရယူထားတဲ့ ဘယ်နယ်မြေကိုမှ အချုပ်အခြာထိန်းတဲ့ တပ်မတော်က ပေးရိုးထုံးစံမရှိပါ။ အချိန်တန် ပြန်လည်ရယူပြီး သမိုင်းပေးတာဝန် ကျေပွန်ရမှာသာဖြစ်တယ်။ လက်ရှိမှာတော့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ နိုင်ငံမပြိုကွဲရေး၊ အဆုံးစွန်သော ရည်မှန်းချက်တွေအတွက်၊ အဆုံးစွန်သော သည်းခံခြင်းတရား လက်ကိုင်ထားကာ အားလုံးကို သက်ညှာနေရခြင်းဖြစ်တယ်။ တပ်မတော်က စစ်ကိုစစ်နဲ့မတုမိအောင် ထိန်းသိမ်းထားပေမယ့် ပြည်ဖျက် EAO တွေက ဘယ်သူ့မှမညှာမတာ စစ်ကို စစ်နဲ့မတု ဖျက်ဆီးပစ်ဖို့ တပ်မတော်နဲ့ ပြည်သူကို စိန်ခေါ်နေဆဲ ဖြစ်ပါတယ်။

နာပြီးရင်း နာသထက်နာနေတဲ့ တိုင်းရင်းသားပြည်သူတွေဘက်ကတော့ သည်းခံစိတ်ကုန်နေပါပြီ။ ပြည်သူစစ်စစ်၊ ဘယ်တိုင်းရင်းသားစစ်စစ်ကမှ ဘယ်သူပုန်မျိုးကိုမှ လက်မခံလိုပါ။ အချို့တိုင်းရင်းသားဒေသတွေက ပြည်သူတွေကိုယ်တိုင် လက်နက်ကိုင်ဆိုရင် မမြင်လို၊ မကြားလိုကြတော့ဘဲ တပ်မတော်ကိုသာ မျှော်လင့်အားထားလာပြီး အချို့နေရာတွေမှာ ရန်သူလှုပ်ရှားမှု ခိုအောင်းမှုတွေကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပြီး သတင်းပေးလာကြပါပြီ။ ဒါဟာ တကယ့်လက်တွေ့မြေပြင်အခြေအနေတွေပဲ ဖြစ်ပါတယ်။ သောင်းကျန်းသူရှိတဲ့ နယ်မြေမှန်သမျှဟာလည်း ဘယ်တော့မှ ငြိမ်းချမ်းသည်မရှိပါ။ ဖက်ဒရယ်လမ်းကြောင်းမှန်အပေါ်မှာ မရှိတဲ့သူတွေ၊ NCA လမ်းကြောင်းနဲ့ မထိုက်တန်သူတွေအတွက် ငြိမ်းချမ်းရေးထာဝရ ကြိုးစားရွက်ဆောင်ဖို့အချိန်ဟာ နည်းသထက်နည်းလာပြီလည်းဖြစ်ပါတယ်။

သူတို့ဟာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းဖို့ဆန္ဒလုံးဝရှိဟန်မတူ။ တစ်နိုင်ငံလုံး အေးချမ်းတည်ငြိမ်မှုဖြစ်စေမယ့်

> **ဖျက်ဆီးနိုင်မှ အနိုင်ရမယ်ထင်နေသူတွေကို အမြန်ဆုံး ချေမှုန်းသုတ်သင်နေချင်ကြပါပြီ။ ငြိမ်းချမ်းရေးအတွက် သမိုင်းတွင်မယ့် အဆုံးအဖြတ်တွေကို ပေးစေချင်နေကြပြီ။ ငြိမ်းချမ်းရေးအတွက် EAO တွေကို တပ်မတော်ဘက်က အမြဲယုံကြည်မှု ပေးခဲ့တယ်၊ စိတ်ရှည်သည်းခံခဲ့တယ်၊ အမှန်က ယုံကြည်မှု၊ နားလည်မှုတို့ဆိုတာ အပြန်အလှန်ရှိရစမြဲပါ။ ယခုအချိန်ဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး ကဏ္ဍစုံ၊ ဘက်စုံ တစ်ပြေးညီတိုးတက်အောင် ကြိုးစားတည်ဆောက်နေရတဲ့ ကာလတစ်ခုလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ စနစ်တစ်ခုကို တည်ဆောက်နိုင်ဖို့ ငြိမ်းချမ်းအောင်ကိုပဲ ဦးစားပေးကြိုးစားလုပ်ဆောင်နေရပါတယ်။ မငြိမ်းချမ်းဘဲနဲ့ ဖွံ့ဖြိုးအောင်လုပ်လို့ မရဘူးဆိုတာလည်း အခြေအနေအရပ်ရပ်က ပြဆိုနေလို့ဖြစ်ပါတယ်**

ရွေးကောက်ပွဲကိုမလိုလား၊ ဒါကြောင့်လည်း တိုက်ပွဲတွေဖော်ဆောင်ပြီး အသိဉာဏ်နည်းစွာနဲ့ စစ်ရေးနည်းလမ်းကိုသာ ရွေးချယ်နေတာဖြစ်တယ်။ ဆင်ခြင်တုံတရားကင်းမဲ့တဲ့ သောင်းကျန်းသူတွေ စိုးမိုးလာလေလေ မြန်မာပြည်ကြီးဟာ ဘယ်တော့မှ ငြိမ်းချမ်းတော့မှာမဟုတ်ပါ။ ထို့ကြောင့် လက်နက်ရှိရင် သတ်ဖို့ ဖြတ်ဖို့ဝန်မလေး၊ သတ်နိုင်၊ ဖြတ်နိုင်မှ ကြောက်မယ်ထင်နေတဲ့ ကမ္ဘာပေါ်မှာ အောက်တန်းအကျဆုံး လူမပီသတဲ့ လူမိုက်လူယုတ်မာတွေကို ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းကနေ အပြီးတိုင် ဖယ်ရှားရှင်းလင်းစေချင်ကြပါပြီ။

**ဖျက်ဆီးနိုင်မှ အနိုင်ရမယ်ထင်နေသူတွေကို အမြန်ဆုံး ချေမှုန်းသုတ်သင်နေချင်ကြပါပြီ။ ငြိမ်းချမ်းရေးအတွက် သမိုင်းတွင်မယ့် အဆုံးအဖြတ်တွေကို ပေးစေချင်နေကြပြီ။ ငြိမ်းချမ်းရေးအတွက် EAO တွေကို တပ်မတော်ဘက်က အမြဲယုံကြည်မှု ပေးခဲ့တယ်၊ စိတ်ရှည်သည်းခံခဲ့တယ်၊ အမှန်က ယုံကြည်မှု၊ နားလည်မှုတို့ဆိုတာ အပြန်အလှန်ရှိရစမြဲပါ။ အခုအချိန်ဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးကဏ္ဍစုံ၊ ဘက်စုံ တစ်ပြေးညီတိုးတက်အောင် ကြိုးစားတည်ဆောက်နေရတဲ့ ကာလတစ်ခုလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ စနစ်တစ်ခုကို တည်ဆောက်နိုင်ဖို့ ငြိမ်းချမ်းအောင်ကိုပဲ ဦးစားပေး ကြိုးစားလုပ်ဆောင်နေရပါတယ်။ မငြိမ်းချမ်းဘဲနဲ့ ဖွံ့ဖြိုးအောင်လုပ်လို့ မရဘူးဆိုတာလည်း အခြေအနေအရပ်ရပ်က ပြဆိုနေလို့ ဖြစ်ပါတယ်။**

ဒါ့ကြောင့် စစ်မှန်တဲ့ငြိမ်းချမ်းရေး၊ ထာဝရငြိမ်းချမ်းရေးအတွက် မိမိတို့တိုင်းရင်းသားပြည်သူတွေရဲ့နှလုံးသားမှာ မြန်မာ့သမိုင်းကို အဖျက်ဆီးမခံလိုတဲ့ စိတ်ဓာတ်တွေ ကိန်းအောင်းပြီးဖြစ်ပါတယ်။ သမိုင်းဆိုတာ "မြန်မာ"ဆိုတဲ့ အနှစ်သာရပင်၊ အစဉ်အလာ ယဉ်ကျေးမှုနဲ့တကွ မျိုးချစ်စိတ်ဓာတ်၊ ဘယ်တော့မှခွဲလို့မရ မကွဲမကွာဘဲ တပ်မတော်နဲ့ ပြည်သူဟာ တစ်သားတည်းရှိနေရပါမယ်။ ကျွန်တော်တို့ရဲ့တပ်မတော်ကြီး ဘယ်နည်းနဲ့မှ ယိမ်းယိုင်သွားလို့မဖြစ်ပါ။ ခိုင်မာတဲ့ အင်စတီကျူးရှင်းကင်းမဲ့တဲ့နိုင်ငံတိုင်းမှာ ပရမ်းပတာ ဖြစ်တတ်ပါတယ်၊ ဖြိုခွဲရလည်းလွယ်ကူပါတယ်။

ဒီအချက်ကို စစ်အနိဋ္ဌာရုံကို ဆိုးဆိုးရွားရွား ခံစားနေရတဲ့ ဒေသခံပြည်သူတိုင်းက ပိုသိ၊ ပိုမြင်ကြပါတယ်။ ဒါကြောင့် တပ်မတော်အနေနဲ့ စစ်ကို စစ်နဲ့တုအောင်တိုက်မှသာ အမြန်တည်ငြိမ်အေးချမ်းမယ်လို့ ယုံကြည်လာကြတာ မလွန်ပါဘူး။ စစ်ပွဲကြာလာတာနဲ့အမျှ နိုင်ငံလည်း ထိခိုက်လာတာကြောင့် တချို့နေရာတွေမှာ လူမျိုးအလိုက်၊ ဒေသအလိုက် မျိုးချစ်စိတ်ဓာတ်တွေ ပြန်လည်ခေါင်းထောင်လာကြတာလည်း တွေ့လာရတယ်။ ပြည်သူအများစုက မခံစားနိုင်ကြလွန်းလို့ ယခုမျိုးဆက်မှာပင် ရန်သူကို အမြစ်ပြတ်စေချင်ကြပါပြီ၊ ရန်သူကို ဦးကျိုးစေချင်နေကြပြီး သူတို့ရဲ့တက်ကြွနေတဲ့မာန်တွေကို ရိုက်ချိုးစေချင်ပါပြီ။

ရန်သူ့အခွင့်အလမ်းကို ဖြတ်တောက်ပြီး တိုက်စစ်အဟုန်ကို ရပ်တန့်စေချင်ပါပြီ။ တစ်နိုင်ငံလုံး စိတ်ပိုင်း၊ ရုပ်ပိုင်း မပျက်စီးသွားရအောင် ကာကွယ်စောင့်ရှောက်ပေးစေလိုပါပြီ။ တပ်မတော်က ပြည်သူကို ကာကွယ်စောင့်ရှောက်ပေးရမယ့် တာဝန်ရှိတယ် မဟုတ်ပါလား။

ပြည်သူသည်သာ အမိအဖဖြစ်တဲ့အတွက် တပ်မတော်ကို မျှော်လင့်တကြီးဖြစ်နေသူ မျိုးချစ်ပြည်သူတွေအနေနဲ့ အားကိုးရန် တပ်မတော်မှ တစ်ပါး အခြားမရှိပါ။ ငြိမ်းချမ်းရေးကို လိုချင်လွန်းလို့ စစ်တိုက်ရန်မှတစ်ပါး အခြားမရှိသလို ရန်သူကို ရေလို မီးလိုကျင့်ပြီး အမြစ်ပြတ်ချေမှုန်းရန်မှတစ်ပါး အခြားလည်းမရှိပါပြီ။ ။

# ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၅၈၇)ကြိမ်မြောက် ထုတိအနုမောဒနာချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ စေတနာသဒ္ဓါ တရားထက်သန်စွာ လှူဒါန်းထားကြသော ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များကို ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က (၅၈၇)ကြိမ်မြောက် ထုတိအနုမောဒနာ ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင် တောင်ဘက်မုခ်ရှိ ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြပြီး အလှည့်ကျသဘာပတိနှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက လက်ခံကြကာ ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ တိပိဋကရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ သ.စ.အ ဓမ္မာစရိယ ဝဋံသကာ ပါဠိပါရဂူ၊ စေတိယင်္ဂဏ ပဝရသိရီမဟာဓမ္မဂုရု ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တနာရဒါဘိဝံသထံမှ တက်ရောက်လာကြသူများက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာတရားနာယူကြသည်။

ယနေ့ကျင်းပသော အလှူငွေပေးအပ်လှူဒါန်းပွဲတွင် ၂၀၂၄ ခုနှစ် မေ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ရွှေသင်္ကန်းတော် ရွှေပြားအလှူရှင် ၂၇ ဦးက ခြောက်ကျပ်သား ရွှေပြားလေးချပ်၊ သုံးကျပ်သားရွှေပြားတစ်ချပ်နှင့် တစ်ကျပ်သားရွှေပြား ၂၇ ချပ် စုစုပေါင်းရွှေစင်ရွှေပြား ၃၂ ချပ် လှူဒါန်းခဲ့ပြီး ငွေသားအလှူရှင် ၁၃၀ အပါအဝင် လှူဒါန်းငွေ စုစုပေါင်းငွေကျပ်သိန်းပေါင်း တစ်သောင်း ကိုးထောင်လေးရာ တစ်ဆယ့်လေးသိန်းရှစ်သောင်း ကိုးထောင်ကိုးရာကိုးဆယ် ဖြစ်ကြောင်းသိရသည်။ **သတင်းစဉ်**



# ဒုတိယအကြိမ်ဓမ္မပူဇနိယ(တရားအလှူပွဲ) အခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဗဟိုက ကြီးမှူး၍ ဒုတိယအကြိမ် ဓမ္မပူဇနိယ(တရားအလှူပွဲ) အခမ်းအနားကို ဇွန် ၃၀ ရက် ညနေပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုဃ်းကောင်းစေတီတော်မြတ်ကြီးဝင်းအတွင်းရှိ အရိယာဓမ္မာရုံတော်ကြီး၌ ကျင်းပရာ ပုသိမ်မြို့ သဲအင်းဂူဝိပဿနာရိပ်သာ(ရေစွမ်း) ဆရာတော် ဘဒ္ဒန္တသီဟ(ကမ္မဋ္ဌာနာစရိယ) သက်တော်ရှည်ဆရာတော်ကြီး ကြွရောက်၍ တပည့်ဒါယကာဒါယိကာမများအား တရားရေအေးအမြိုက်ဆေးတိုက်ကျွေးသည်။



### စည်ကားသိုက်မြိုက်စွာကျင်းပ

တရားအလှူပွဲသို့ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏ၊ အထွေထွေအတွင်းရေးမှူး ဦးခင်ဝေနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းဦးနှင့် တိုင်းအလုပ်အမှုဆောင်များ၊ သဃ်န်းကျွန်းခရိုင်ဥက္ကဋ္ဌ ဦးကျော်စည်သူနှင့် ခရိုင်အလုပ်အမှုဆောင်များ၊ ခရိုင်ဥက္ကဋ္ဌများ၊ ရန်ကင်းမြို့နယ်ဥက္ကဋ္ဌ ဒေါ်မြတ်စုနှင့် မြို့နယ်အလုပ်အမှုဆောင်များ၊ အလှူရှင်များ၊ တရားနာပရိသတ်များဖြင့် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၂

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

**ဒေါက်တာထွန်းတင့်**

## ရုပ်ပြောင်း ရုပ်လွှဲ၊ သို့မဟုတ် အငှားခန္ဓာမြှောင်ကြတယ် (၃)

ဗျည်းအက္ခရာတစ်ခုသည် အခြားဗျည်းအက္ခရာတစ်ခုသို့ ပြောင်းတတ်သည်။ ထိုသို့ပြောင်းသည်မှာ အကြောင်းမဲ့ပြောင်းသည်မဟုတ်၊ စနစ်တကျပြောင်းသည်ဟု ဆိုရမည်။ သဘာဝကျကျပြောင်းသည်ဟု ဆိုရမည်။ (ဗျည်းသာမက သရလည်း တစ်ခုမှတစ်ခုသို့ ပြောင်းတတ်သည်ပင်ဖြစ်သည်။) ဗျည်းတစ်ခုသည် အခြားဗျည်းတစ်ခုသို့ ပြောင်းရာတွင် မာယာပရိယာယ်များပြီး အပြောင်းအလဲ ညင်သာသိမ်မွေ့သဖြင့် မည်သို့မည်ပုံ ပြောင်းသွားသည်ကိုပင် ရုတ်တရက် မမြင်လိုက် မသိလိုက်ရဘဲဖြစ်တတ်သည်။ ဤသို့ဖြင့် အတုအယောင်သည် အစစ်သဖွယ်ဖြစ်သွားရသည်။ ရုပ်ပြောင်း၊ ရုပ်လွှဲ သို့မဟုတ် အငှားခန္ဓာမြှောင်ခြင်းဟု ဆိုချင်ပါသည်။

နကန် < နှင်ကန် < လှုင်ကန် /

နကန် < လှုကန် < လှုင်ကန်

စစ်ကိုင်းမင်း (ဘကြီးတော်ဘုရား) လက်ထက်တွင် ပေါ်ထွန်းခဲ့သော စာဆိုတော်ဦးဆောင်း၏ လွမ်းချင်းတစ်ပုဒ်တွင် 'လယ်ထွန်ပြန်တွင်၊ နကန်ပစ်ချ၊ ဆာမွတ်ချိန်ကျသော်ကြောင့်' ဟူသော စာပိုဒ်လေးကို လူအများကြားဖူးကြ၊ နှုတ်တက်ရဖူးကြပါသည်။ လယ်သမားကြီးသည် တစ်မနက်လုံး လယ်ထွန်ပြီး မောမောပန်းပန်းနှင့် အိမ်သို့ပြန်လာကာ မောကလည်းမော၊ ဆာကလည်းဆာလှသဖြင့် ဣန္ဒြေပင်မဆည်နိုင်တော့ဘဲ အိမ်ထဲသို့ ဝင်ဝင်ချင်း နကန်ကို ပစ်ချသည့် သရုပ်ပေါ်လှသဖြင့် လူအများ နှစ်သက်သော အပိုဒ်ကလေးဖြစ်နေပါသည်။ ဤနေရာတွင် အချို့မူများ၌ 'နကန်' ပစ်ချဟူ၍ တွေ့ရပြီးမူအချို့တွင် 'နွားကန်' ပစ်ချဟု တွေ့ရပါသည်။ စာဆိုတော်ကြီးက 'နကန်'ဟု သုံးခဲ့သလော၊ 'နွားကန်' ဟု သုံးခဲ့သလော မသိနိုင်ပါ။ နှောင်းခေတ် စာစုသူ၊ စာကူးသူ၊ ပုံနှိပ်သူ၊ တည်းဖြတ်သူတို့က သူတို့မှန်သည်ဟု ထင်မြင်ယူဆကြသည့် စာလုံးပေါင်းကို ယူခဲ့ကြခြင်း ဖြစ်တန်ရာသည်။ မည်သို့ပင် စာလုံးပေါင်းစေ အသံထွက်မှာမူ 'နဂန်' သာ ဖြစ်ပေသည်။ 'နကန်' ဟူသော စာလုံးပေါင်းကို နှစ်သက်သူက 'နကန်'၊ 'နွားကန်' ဟူသော စာလုံးပေါင်းကို နှစ်သက်သူက 'နွားကန်' ဟု ရေးခဲ့ကြခြင်းဖြစ်ပါသည်။ စာလုံးပေါင်းကွဲသော်လည်း အသုံးအဆောင်၊ ကိရိယာ၊ အဆောက်အဦကမူ တစ်ခုတည်းပင်ဖြစ်သည်။

သို့ရာတွင် 'နကန်' ၏ မူလဝေါဟာရ၊ မူလအနက်အရမူ 'နကန်' ဟူသော အရေးသည် သင့်လျော်သော အရေးဖြစ်သင့်သည်ဟု ယူဆရန်ရှိပါသည်။ အကြောင်းမူကား 'နကန်' ၏ရင်းမြစ်စကားမှာ 'လှုင်ကန်' ဖြစ်သောကြောင့်တည်း။ 'နကန်' ကို 'နွားမောင်းသောတုတ်'ဟု (မြန်မာအဘိဓာန်၊ ၁၉၉၁ နှင့်) အဘိဓာန်များက အဓိပ္ပာယ်ဖွင့်ထားသော်လည်း 'နကန်' ၏ ရင်းမြစ်အနက်မှာ 'နွား' နှင့် မည်သို့မျှ ဆက်နွှယ်ပတ်သက်ခြင်းမရှိပါ။ 'လှုင်ကန်' သာလျှင် 'နကန်' ၏ ရင်းမြစ်စကားဖြစ်၍ 'နကန်'၏ အနက်၊ 'နကန်' ၏ အဓိပ္ပာယ်ကို သိလိုပါက 'လှုင်ကန်' ၏ အနက်၊ အဓိပ္ပာယ်ကို ဖော်ထုတ်ရမည်သာ ဖြစ်ပါသည်။

'လှုင်ကန်' မှ 'လှုင်' ၏ အနက်ကို ဦးစွာဖော်ထုတ်ရပါမည်။ 'လှုင်'၏ အနက်မှာ 'လျှပ်၊ မြန်' ဖြစ်သည်။ 'လှုင်' သည် 'လျှင်' နှင့်လည်း အနက်တူပါသည်။ 'လျှင်' လည်း 'လျှပ်၊ မြန်' ဖြစ်ပါသည်။ 'လျှပ်' အနက်ရှိသော ဝေါဟာရသည် 'မြန်' အနက်ရှိသည်။

'ကန်'၏ အနက်မှာ 'ထောက်၊ ထိ' ဖြစ်သည်။ တစ်ခုသည် တစ်ခု၌ 'ထောက်သည်၊ ထိသည်' ကို 'ကန်သည်'ဟု ဆိုသည်။ 'ကန်'၏ အနက်ကို (မြန်မာအဘိဓာန်၊ ၁၉၉၁တွင်) ၁။ ခြေဖြင့်ခတ်သည်။ ၂။ တစ်စုံတစ်ရာဖြင့် ထောက်ကန်သည်။ ၃။ အရှိန်ဖြင့် လှန်တွန်းသည်။ 'စပရင်ကန်သည်။ မောင်းကန်သည်။' ၄။ ခွာသည်။ 'ဆိပ်ကမ်းမှ ဖောင်တော်ကန်သည်။' ၅။ ပွင့်ထွက်သည်။ 'အပူကန်သည်။ အခိုးကန်သည်' ဟူ၍လည်းကောင်း၊ ဆံ့သည်။ ကာသည်။ 'ဤအခန်းနှင့်မတန်ပါ။' ဟူ၍လည်းကောင်း ဖော်ပြထားပါသေးသည်။ အဓိပ္ပာယ်အားလုံး၏ အနက်အချုပ်မှာ 'ထိသည်၊ ထောက်သည်'ပင် ဖြစ်သည်။ သို့ဖြစ်၍ 'လှုင်ကန်' ၏ အနက်ကို 'လျင်မြန်စွာလှုပ်ရှား၍ ထောက်ကန်ထိခတ်' ဟူ၍ ဆိုရပါမည်။ လျင်မြန်စွာလှုပ်ရှား၍ 'ထောက်ကန် ထိခတ်သောအရာ' မှာ 'တုတ်' ဖြစ်ပါသည်။ ထို့ကြောင့် 'လှုင်ကန်' ၏ မူလအဓိပ္ပာယ်မှာ 'တုတ်' ဖြစ်သည်။ လက်နက်အဖြစ်သုံးသည်ဖြစ်စေ၊ နွားမောင်းရာ၌ သုံးသည်ဖြစ်စေ 'တုတ်' ကို သုံးသည်။ 'လှုင်ကန်' ကို သုံးသည်။

သို့ဖြစ်သောကြောင့် လှုင်ကန်ဆိုသည်မှာ သာမန်တုတ်၊ ရန်သူနှင့် တိုက်ခိုက်ရာတွင် သုံးသောတုတ်၊ နွားမောင်းသော တုတ်ဖြစ်သည်ဟု ဆိုရပါမည်။ 'တုတ်' ၏ အနက်အဓိပ္ပာယ်အရ 'လှုင်ကန်' သည် ရှည်လံသောကိရိယာမဟုတ်။ တိုတိုတုတ်တုတ် ကိရိယာဖြစ်သည်ဟု ဆိုရပါမည်။ 'လှုင်ကန်'ကို အနီးကပ် ရိုက်နှက်တိုက်ခိုက်ရာတွင်လည်း သုံးနိုင်သည်။ အဝေးသို့ ပစ်လွှတ်တိုက်ခိုက်ရာတွင်လည်း သုံးနိုင်သည်။ 'မရည်ရွယ်ဘဲ၊ ကျောက်ခဲလှုင်ကန်၊ ပစ်ရာမှန်ဟု' (စွယ်စုံ၊ ဒု၊ ၃၇၅) ဟူ၍ တွေ့ရသည်။ လှုင်ကန်သည် တိုတောင်းသောလက်နက်ဖြစ်သဖြင့် 'လှုင်ကန်တောင်း' ဟူ၍လည်းခေါ်ပြန်သည်။ တုတ်တိုဟု ဆိုလိုသည်။ ထို့ကြောင့် 'မိုးမြောက်ရင်ပြန်၊ လှုင်ကန်တောင်းရေး၊ မှာပြေးမှာဝန်း' (သံဝရ ၁၆၈) ဟူ၍လည်းကောင်း ဆိုခဲ့ကြခြင်းဖြစ်သည်။ ယင်း 'လှုင်ကန်တောင်း' မှာ အဝေးသို့ ပစ်လွှတ်တိုက်ခိုက်ရသော လက်နက်ဖြစ်ပေသည်။ **(ဆက်လက်ဖော်ပြပါမည်)**

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဆောင်းပါး

# မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုပါ၏ ....

ဒေါက်တာသက်သက်ဇင်

ကမ္ဘာ့ကုလသမဂ္ဂအနေဖြင့် ကမ္ဘာ့ အမျိုးသမီးညီလာခံများကို ဦးဆောင်ပြီး အမျိုးသမီးများ တန်းတူညီမျှမှု၊ ကျား၊ မ ခွဲခြားမှုပပျောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အမျိုးသမီးများ အပြည့်အဝပါဝင်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး အတွက် ဆောင်ရွက်ရာတွင် အမျိုးသမီး ထုကြီး ပိုမိုပါဝင်နိုင်ရေးတို့ကို ဆွေးနွေး ညှိနှိုင်းရန် ကျင်းပခဲ့ပါသည်။




**လေးကြိမ်တိုင်တိုင် ကျင်းပခဲ့**

ကမ္ဘာ့အမျိုးသမီး ညီလာခံများကို လေးကြိမ်တိုင်တိုင် ကျင်းပခဲ့ပါသည်။ ပထမအကြိမ်ကို မြောက်အမေရိကတိုက်၊ မက္ကဆီကိုနိုင်ငံ မက္ကဆီကိုမြို့တွင် ၁၉၇၅ ခုနှစ်၌ လည်းကောင်း၊ ဒုတိယအကြိမ် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် ၁၉၈၀ ပြည့်နှစ်၌ လည်းကောင်း၊ တတိယ အကြိမ် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် ၁၉၈၅ ခုနှစ်၌ လည်းကောင်း၊ စတုတ္ထ အကြိမ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့ ၁၉၉၅ ခုနှစ်၌ လည်းကောင်း ကျင်းပခဲ့ပါသည်။

၁၉၉၅ ခုနှစ်တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဘေဂျင်းမြို့တွင် ကျင်းပ သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ အမျိုးသမီးများညီလာခံကို မြန်မာနိုင်ငံ အပါအဝင် နိုင်ငံတော်တော်များများပါဝင် တက်ရောက်ခဲ့ပါသည်။ ဖော်ပြပါညီလာခံ အစည်းအဝေးမှ ဘေဂျင်းကြေညာ စာတမ်း (Beijing Declaration)ဘေဂျင်း စီမံချက် (Beijing Platform for Action– BPFA) ထွက်ပေါ်လာပြီး နိုင်ငံ တိုင်းတွင် အမျိုးသမီးများဆိုင်ရာ အဓိက လုပ်ငန်းစဉ် (၂) ရပ် ဆောင်ရွက်ရန် ချမှတ်ခဲ့ပါသည်။

ဘေဂျင်းစီမံချက် (Beijing Plat–form for Action – BPFA) က အဓိက လုပ်ငန်းစဉ် (၂) ရပ်မှာ–

(က) အမျိုးသမီးများဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ နိုင်ငံအဆင့် လုပ်ငန်းယန္တရား (National Mechanism) ဖွဲ့စည်းရန်။

(ခ) အမျိုးသမီးများဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ နိုင်ငံအဆင့် မဟာ ဗျူဟာစီမံကိန်း ရေးဆွဲရန် တို့ပင် ဖြစ်ပါသည်။

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ နိုင်ငံအဆင့်လုပ်ငန်းယန္တရား (National Mechanism) ဖွဲ့စည်းရန် လုပ်ငန်းတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ အဆင့် ယန္တရား (National Mechanism) တစ်ရပ်ဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ (Myanmar National Committee for Women's Affairs – MMCWA) ကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါ သည်။

**အစိုးရမဟုတ်သော အမျိုးသမီးအဖွဲ့အစည်း လေးဖွဲ့ ပါဝင်ဖွဲ့စည်း**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ရေးရာကော်မတီ (MMCWA) တွင် လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အခြားနီးနွယ်ဝန်ကြီးဌာန ဒုတိယဝန်ကြီး များက အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ချုပ်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပါ သည်။ ဗဟိုမှ အောက်ခြေကျေးလက် ဒေသအထိ ဖွဲ့စည်းထားသည့် အစိုးရ မဟုတ်သော အမျိုးသမီးအဖွဲ့အစည်း လေးဖွဲ့ ပါဝင်ဖွဲ့စည်းထားပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ရေးရာကော်မတီ (MMCWA) ကို ဖွဲ့စည်း တည်ထောင်သည့် ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့ အဖြစ် နိုင်ငံတော်က သတ်မှတ်ပေးခဲ့ပါ သည်။ ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံလုံး ဆိုင်ရာ အမျိုးသမီးကော်မတီ (MMCW) ဟု အမည်ပြောင်းလဲခဲ့ပါသည်။

ဘေဂျင်းစီမံချက် လုပ်ငန်းတစ်ခု ဖြစ်သော အမျိုးသမီးများဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ နိုင်ငံအဆင့်မဟာဗျူဟာ စီမံကိန်း (National Strategic Plan for the Advancement of Women – NSPAW)




ကို ကော်မတီဥက္ကဋ္ဌဖြစ်သည့် လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယ ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့် အရာရှိကြီးများနှင့် အစိုးရမဟုတ်သော အမျိုးသမီးအဖွဲ့လေးဖွဲ့နှင့်အတူ ပါဝင် ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

**အမျိုးသမီးများဆိုင်ရာ အဓိကနယ်ပယ် (၁၂)ရပ်ဖြင့် ရေးဆွဲ**

NSPAW မဟာဗျူဟာစီမံကိန်း ရေးဆွဲရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) CEDAW ပါ အချက်များနှင့် ဘေဂျင်းလုပ်ငန်းစီမံချက်တို့ကို အခြေခံ သော အမျိုးသမီးများဆိုင်ရာ အဓိက နယ်ပယ် (၁၂) ရပ်ဖြင့် ရေးဆွဲထားပါသည်။

အဓိကနယ်ပယ် (၁၂)ရပ်မှာ (၁) အမျိုး သမီးများနှင့် အသက်မွေးဝမ်းကျောင်းမှု၊ (၂) အမျိုးသမီးများနှင့် ပညာရေး၊ (၃) အမျိုးသမီးများနှင့် ကျန်းမာရေး၊ (၄) အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ (၅) အမျိုးသမီးများနှင့် အရေးပေါ်အခြေ အနေ၊ (၆) အမျိုးသမီးများနှင့် စီးပွားရေး၊ (၇) အမျိုးသမီးများနှင့် လူကုန်ကူး၊ (၈)အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းယန္တရား၊ (၉) အမျိုးသမီးများနှင့် အခွင့်အရေး၊ (၁၀) အမျိုးသမီးများနှင့် မီဒီယာ၊ (၁၁) အမျိုးသမီးများနှင့်သဘာဝ ပတ်ဝန်းကျင်၊ (၁၂) အမျိုးသမီးငယ်ရွယ် ကဏ္ဍများ ပါဝင်ပါသည်။

NSPAW မဟာဗျူဟာစီမံကိန်း "၁" ကို (၂၀၁၃–၂၀၂၂) အထိ ရေးဆွဲ ဆောင်ရွက်ခဲ့ပြီး NSPAW ဗဟာဗျူဟာ စီမံကိန်း "၂" ကို (၂၀၂၃–၂၀၃၂) အထိ ရေးဆွဲဆောင်ရွက်ခဲ့ရာ ယခုအခါ ပြီးစီးပြီ ဖြစ်သဖြင့် ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီး များနေ့တွင် စတင်ဖြန့်ဖြူးဆောင်ရွက် သွားမည်ဟု သိရှိရပါသည်။

မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးကိစ္စ အဝဝကိုမြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီက ကြီးမှူးကာ အစိုးရမဟုတ် သော အမျိုးသမီးအဖွဲ့အစည်းများနှင့် အတူ နိုင်ငံတစ်ဝန်း လွှမ်းခြုံဆောင်ရွက် ပေးလျက်ရှိပါသည်။

**အကြိုလှုပ်ရှားမှုများ**

နှစ်စဉ် ဇူလိုင်လ ၃ ရက်နေ့တွင် မြန်မာအမျိုးသမီးများနေ့အား နိုင်ငံတော် အဆင့် အခမ်းအနားအဖြစ် ကျင်းပပေး လျက်ရှိပါသည်။ ယင်းသို့ ကျင်းပစဉ် အကြိုလှုပ်ရှားမှုများအဖြစ် ဝတ်စား ဆင်ယင်မှုပြပွဲ၊ စာတမ်းဖတ်ပွဲ၊ စာစီစာကုံး ပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲနှင့် သစ်ပင် စိုက်ပျိုးပွဲ စသည်တို့ကျင်းပကြပါ သည်။

ထိုနည်းတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာလည်း ဇူလိုင်လ ၃ ရက် နေ့တွင် မြန်မာအမျိုးသမီးများနေ့ ကို တစ်ပြိုင်တည်း ကျင်းပလေ့ရှိပါ သည်။

မြန်မာအမျိုးသမီးများနေ့ အခမ်း အနားများတွင်လည်း အမျိုးသမီးများ၏ ထုတ်ကုန်ပစ္စည်းများ ပြသခြင်းနှင့် ရောင်းချခြင်းတို့ကို ပြုလုပ်ကြပါသည်။ ဤကဲ့သို့ ပြပွဲများနှင့် ပြိုင်ပွဲများပြုလုပ်ပြီး မြန်မာအမျိုးသမီးထုကြီးအား တစ်ဖက် တစ်လမ်းမှ အမျိုးသမီးများ အကြမ်းဖက် မှု၊ လူကုန်ကူးမှုနှင့်ပတ်သက်သည်များ ကို ပညာပေးခြင်းနှင့် အမျိုးသမီးထုကြီး ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် တက်ကြွစွာ ပါဝင်လာအောင် စည်းရုံးရင်း သိုက်သိုက် မြိုက်မြိုက် ကျင်းပလေ့ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❖ မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးကိစ္စအဝဝကို မြန်မာ နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ကြီးမှူးကာ အစိုးရမဟုတ်သော အမျိုးသမီးအဖွဲ့အစည်းများ နှင့်အတူ နိုင်ငံတစ်ဝန်း လွှမ်းခြုံဆောင်ရွက်

❖ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားများတွင် အမျိုးသမီးများ၏ ထုတ်ကုန်ပစ္စည်းများ ပြပွဲများနှင့် ပြိုင်ပွဲများပြုလုပ်ပြီး မြန်မာအမျိုးသမီးထုကြီးအား တစ်ဖက်တစ်လမ်းမှ အမျိုးသမီးများ အကြမ်းဖက် မှု၊ လူကုန်ကူးမှုနှင့်ပတ်သက်သည်များကို ပညာပေးခြင်းနှင့် အမျိုးသမီးထုကြီး ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍတွင် တက်ကြွစွာပါဝင်လာအောင် စည်းရုံး

# နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံ၊ နယ်ပယ်စုံတွင် အမျိုးသမီးများပါဝင်မှုကို မြှင့်တင်ဖော်ဆောင်

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်စဉ် ( ၇ / ၂၀၂၄)

၁။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ဖွဲ့စည်းခဲ့သည့် ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတော်က သတ်မှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံရှိလူဦးရေ၏ ထက်ဝက်ကျော်မှာ အမျိုးသမီးများဖြစ်ပြီး နိုင်ငံအတွက် အဖိုးတန်သော လူသားအရင်းအမြစ်များဖြစ်ပါသည်။ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူညီမျှ အခွင့်အရေးရှိပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် ခွဲခြားဆက်ဆံမှုကင်းစွာ ပါဝင်ဆောင်ရွက်ခွင့်ရှိသူများ ဖြစ်ပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် အမျိုးသားနှင့် အမျိုးသမီး တန်းတူအခွင့်အရေးရှိကြောင်း ဖော်ပြထားရှိသကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း အမျိုးသမီးအခွင့်အရေးများ ခံစားခွင့်ရရှိစေရေးနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများ၏ အခွင့်အရေးများကို လေးစားပြီး အသိအမှတ်ပြုသည့်အားလျော်စွာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်ကြီးတစ်ခုဖြစ်သော အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Elimination of All forms of Discrimination Against Women – CEDAW)၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၉၇ ခုနှစ်က ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး အမျိုးသမီးများ၏ အခွင့်အရေးများကို ဖြည့်ဆည်းကာကွယ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် စပ်လျဉ်း၍ အသိပညာပေးလျက်ရှိရာတွင် ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူများ၊ အမျိုးသမီးငယ်များ၊ သက်ကြီးရွယ်အိုများအပါအဝင် အမျိုးသမီးများ၏ အခွင့်အရေးများကို ထည့်သွင်းပို့ချလျက်ရှိပါသည်။ ထို့ပြင် ကော်မရှင်ဥပဒေနှင့်အညီ အမျိုးသမီးများ၏ အခွင့်အရေးနှင့်စပ်လျဉ်းသည့် တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်း၊ ဘိုးဘွားရိပ်သာ၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများသင်တန်းကျောင်း၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာနများသို့ သွားရောက်စစ်ဆေးလျက်ရှိပြီး သက်ဆိုင်ရာဌာနများသို့ အကြံပြုချက်များပေးပို့ကာ အမျိုးသမီးအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။

၄။ ၂၀၂၄ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဆောင်ပုဒ်မှာ “Invest in Women: Accelerate Progress” “အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး” ဖြစ်ရာ နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံ၊ နယ်ပယ်စုံတွင် အမျိုးသမီးများပါဝင်မှုကို မြှင့်တင်ဖော်ဆောင်ကြပါရန် တိုက်တွန်းလျက် ဇူလိုင်လ (၃) ရက် နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက်

## မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သက်ကြီးဘိုးဘွားများအား အာဟာရများ ကျွေးမွေးလှူဒါန်း



မော်လမြိုင် ဇူလိုင် ၂

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သက်ကြီးဘိုးဘွားများအား အာဟာရများ ကျွေးမွေးလှူဒါန်းခြင်းကို ယနေ့ မွန်းလွဲပိုင်းက တောင်ဝိုင်းဘိုးဘွားရိပ်သာ၌ ပြုလုပ်သည်။

အဆိုပါ ကျွေးမွေးလှူဒါန်းခြင်းကို ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းမိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်သဥ္ဇာမျိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သွယ်သွယ်မင်းနှင့် အဖွဲ့ဝင်များက တောင်ဝိုင်းဘိုးဘွားရိပ်သာရှိ အဘိုး ၁၆ ဦး၊ အဘွား ၃၃ ဦး စုစုပေါင်းသက်ကြီးဘိုးဘွား ၄၉ ဦးတို့အား နေ့လယ်စာ အာဟာရများကို ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကောင်းခြင်းပြည့်မြဲ ရှိနေဆဲတည့်

❂ လှပယဉ်ကျေး ပင်ကိုသွေးဖြင့်
ဖွေးစွပ်ဖြူခြင်း စိတ်အရင်းတို့
ခင်းပြအခေါင် ဣန္ဒြေဆောင်၍
နောင်ရှည်မျိုးဆက် စံပြဖက်ကာ
သက်ရှယ်စုံတင့် အလှဆင့်သည့်
ဝင့်ထည်သူဇာ မျိုးမြန်မာ။

❂ မောင်ကတစ်ထမ်း အားကိုစမ်းသော်
လှမ်းကာနောက်စွက် မယ်တစ်ရွက်ဖြင့်
သွက်လက်မှီချိတ် နှစ်ကိုယ့်တစ်စိတ်
သိပ်ပြည့်ကြင်နာ ရင်မှလာကာ
ရာဇဝင်ထုံး သစ္စာပြုံးကြောင့်
နှလုံးလှပျူဌာ မျိုးမြန်မာ။

❂ ဗိုင်းကောင်းကျောက်ဖိ အလှရှိ၍
သိမြင်လိမ္မာ အဖိုးပါသည့်
တာဝန်ကျေပွန် မိန်းမမွန်တို့
လွန်စွာပေါ်ကြွယ် မြန်မာ့နယ်သည်
ထည်ဝါဂုဏ်ပေါင်း အစဉ်အောင်းလျက်
ကောင်းခြင်းပြည့်မြဲ ရှိနေဆဲတည့်။ ။

ဇူလိုင် ၃ ရက်တွင်ကျရောက်သည့်
မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလျက်

**ညိုဝင်း(ချစ်မြေ)**

## မြဝတီခရိုင်၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အသိပညာပေး Talk Show ပြုလုပ်

မြဝတီ ဇူလိုင် ၂

ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် “အမျိုးသမီးများဘဝ တိုးတက်ဖို့၊ စွမ်းဆောင်ရည် မြှင့်တင်စို့” ခေါင်းစဉ်ဖြင့် အသိပညာပေး Talk Show ကို ယနေ့နံနက် ၁၀ နာရီက ကရင်ပြည်နယ် မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပူးပေါင်းကာ လူထုအခြေပြု ဗဟိုဌာန၌ ပြုလုပ်သည်။

ဦးစွာ မြဝတီခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ဇာဖြူဝင်းက ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် များစွာအရေးပါကြောင်းနှင့် ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥပဒေအကြံပေး ဒေါ်ကေခိုင်က မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဖွဲ့စည်းခဲ့သည့် ဇူလိုင် ၃ ရက်ကို မြန်မာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ကြောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြည်ကြည်စိန်က မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုသည့် အမျိုးသမီးများသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် အရေးပါသော အင်အားစုတစ်ရပ်ဖြစ်ကြောင်း၊ အဖွဲ့ဝင် ဒေါ်ရီရီခင်က မြန်မာအမျိုးသမီးများသည် လောကအကျိုးသယ်ပိုးရာတွင် အနာဂတ် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ ထုဆစ်ပုံဖော်ပေးသူများဖြစ်ကြောင်းနှင့် အဖွဲ့ဝင်ဒေါ်မိယ်က အမျိုးသားများနည်းတူ အမျိုးသမီးများအား တန်းတူအခွင့်အရေးရရှိမှုနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ စွမ်းဆောင်ရည်မြှင့်တင်ကာ ပူးပေါင်းဆောင်ရွက်ကြရေး တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဟားခါးတက္ကသိုလ်၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ဟားခါး ဇူလိုင် ၂**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက် ၉ နာရီက ဟားခါးတက္ကသိုလ်၌ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲ ကျင်းပသည်။

ထို့နောက် စုပေါင်းသစ်ပင် စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသည့် ဟားခါးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနွယ်သင်းနီနှင့် ဟားခါးတက္ကသိုလ်ရှိ သင်ကြား၊ စီမံ၊ အင်ဂျင်နီယာဌာနများရှိ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများက သတ်မှတ်နေရာများတွင် သစ်ပင်များ စိုက်ပျိုးကြသည်။

ယနေ့ ကျင်းပသည့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ချယ်ရီပင် ၃၅၀၊ တောင်ဇလပ်ပင် ၁၀၀၊ စိန်ပန်းပင် ၅၀ နှင့် လိမ္မော်ပင် ၂၅၀ စုစုပေါင်းပျိုးပင် ၇၅၀ စိုက်ပျိုးခဲ့ကြောင်းနှင့် အဆိုပါ ပျိုးပင်များကို ပြည်နယ်သစ်တောဦးစီးဌာနနှင့် ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနများမှ ထောက်ပံ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော South-East Asia Crude Oil Pipeline Company Limited သည် မဒေးကျွန်းရေနံတင်ချဆိပ်ကမ်းသို့ ရေနံတင်သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်ရန် ရေလမ်းကြောင်းအား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ (Dredging Project) ကို Hopper Dredger, REEM ISLAND (Call Sign: V7OJ2) ရေယာဉ်ဖြင့် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ Trailing Suction Hopper Dredger, REEM ISLAND ဖြင့် ရေလမ်းကြောင်းတူးဖော်ခြင်း လုပ်ငန်းများ (Dredging) ပြုလုပ်မည့် Coordinate များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

**(က) ရေလမ်းကြောင်းတူးဖော်မည့် area coordinate များ -**

| Point | Latitude | Longitude |
|---|---|---|
| A | 19 ˚ 26' 43.57 " N | 93 ˚ 33' 15.43 " E |
| B | 19 ˚ 26' 22.71 " N | 93 ˚ 34' 42.43 " E |
| C | 19 ˚ 26' 15.48 " N | 93 ˚ 35' 03.12 " E |
| D | 19 ˚ 26' 27.70 " N | 93 ˚ 35' 06.38 " E |
| E | 19 ˚ 26' 53.67 " N | 93 ˚ 33' 18.12 " E |

**(ခ) ရာသီဥတုဆိုးရွားပါက ခေတ္တနားခိုမည့် shelter area coordinate များ**

| Point | Latitude | Longitude |
|---|---|---|
| NO. 1 | 19 ˚ 25' 21.2040" N | 93 ˚ 37' 05.7420 " E |
| NO. 2 | 19 ˚ 23' 45.4641" N | 93 ˚ 39' 10.7779 " E |
| NO. 3 | 19 ˚ 23' 43.9506" N | 93 ˚ 39' 36.6783 " E |
| NO. 4 | 19 ˚ 23' 43.8978" N | 93 ˚ 39' 58.6483 " E |

**(ဂ) အရေးပေါ်အခြေအနေတွင် ခေတ္တနားခိုမည့် shelter area coordinate များ လျာထားနေရာ(၁) -**

| Point | Latitude | Longitude |
|---|---|---|
| A | 19 ˚ 25' 08.8180" N | 93 ˚ 34' 40.8381 " E |
| B | 19 ˚ 25' 03.1834" N | 93 ˚ 34' 39.6329 " E |
| C | 19 ˚ 24' 55.1601" N | 93 ˚ 35' 09.1561 " E |
| D | 19 ˚ 25' 07.4005" N | 93 ˚ 35' 09.0128 " E |

**(ဃ) အရေးပေါ်အခြေအနေတွင် ခေတ္တနားခိုမည့် shelter area coordinate များ လျာထားနေရာ(၂) -**

| Point | Latitude | Longitude |
|---|---|---|
| A | 19 ˚ 24' 58.9947" N | 93 ˚ 35' 14.7660 " E |
| B | 19 ˚ 24' 52.8627" N | 93 ˚ 35' 14.8818 " E |
| C | 19 ˚ 24' 54.2140" N | 93 ˚ 35' 31.6016 " E |
| D | 19 ˚ 24' 59.0975" N | 93 ˚ 35' 31.4619 " E |

**(c) မြေသားစုပုံမည့်ဧရိယာ (Toss mud area) Coordinate များ -**

| Point | Latitude | Longitude |
|---|---|---|
| Center Point | 19 ˚ 32' 49.79" N | 93 ˚ 24' 51.39 " E |

၃။ သို့ဖြစ်ပါ၍ မဒေးကျွန်းရေနံတင်ချဆိပ်ကမ်းသို့ ရေနံတင်သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်ရန် ရေလမ်းကြောင်းအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ (Dredging Project)ကို Hopper Dredger, REEM ISLAND (Call Sign: V7OJ2) ရေယာဉ်ဖြင့် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၅၀၀ မီတာပတ်လည်အတွင်းနှင့် ရာသီဥတုဘေးအန္တရာယ် ခိုလှုံမည့်နေရာ (Shelter Anchorage) ဧရိယာမှ ၂၅၀ မီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ထားသည်။

**စွမ်းအင်ဝန်ကြီးဌာန**

## မုံရွာမြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မုံရွာ ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။



**လျင်မြန်စွာဆောင်ရွက်ကြရန် လိုအပ်**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က သဘာဝဘေးအန္တရာယ်ကို မည်သူမျှတားဆီး၍ မရသည့်အတွက် မိုခါမုန်တိုင်းအပါအဝင် ယခင်ဖြစ်ပွားခဲ့သည့် အတွေ့အကြုံများကို သင်ခန်းစာရယူကာ ကြိုတင်ကာကွယ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ဖြစ်ပွားချိန်တွင် အရေးပေါ်ကူညီကယ်ဆယ်ခြင်း၊ တုံ့ပြန်မှုဆောင်ရွက်ခြင်းများနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ သတ်မှတ်လုပ်ငန်းစဉ်များအား လျင်မြန်စွာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ်တုံ့ပြန်ရေး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ် အကြံပြုဆွေးနွေးပေးသွားကြရန်နှင့် ပြည်သူလူထုအား သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါကဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များအတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ကြိုတင်ကာကွယ်ပြင်ဆင်ထားရှိမှုလုပ်ငန်းများနှင့် ကူညီကယ်ဆယ်ရေး၊ နေထိုင်ရေး၊ စားသောက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပြန်လည်နေရာချထားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို Power Point ဖြင့် ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ကသာခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ရွှေဘိုခရိုင်၊ ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် လည်းကောင်း၊ မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က မိမိတို့ခရိုင်များအတွင်းရှိ မြို့နယ်များ၏ သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ပြင်ဆင်ထားရှိမှု လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**ဖြည့်စွက်တင်ပြ**

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာများ ကြိုတင်ကာကွယ်ပြင်ဆင်ထားရေးလုပ်ငန်း အခြေအနေများနှင့်ပတ်သက်၍ ဖြည့်စွက်တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဒိုက်ဦးမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးများ စိုက်ပျိုး

**ဒိုက်ဦး ဇူလိုင် ၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးသည် ဒိုက်ဦးမြို့နယ် စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့်အတူ ဇူလိုင် ၁ ရက် နံနက်ပိုင်းက ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာရှိ တောင်သူ ဦးမြင့်အောင်၏ မိုးစပါးစိုက်ခင်း၊ ကတုတ်ရွာမကျေးရွာရှိ တောင်သူ ဒေါ်စိန်စိန်၏ မိုးစပါးစိုက်ခင်းများတွင် မိုးစပါးများ ပျိုးထောင်၍ တိုင်းဒေသကြီးမှ ထောက်ပံ့သော လက်ဆွဲ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။



ဆက်လက်၍ လမ်းဘေးဝဲယာ ကျေးရွာများဖြစ်သည့် ကတုတ်ဘုရားကြီးကျေးရွာ၊ ကျိုက်စကောအရှေ့ကျေးရွာ၊ ကျိုက်စကောအနောက်ကျေးရွာ၊ ဘုရားကြီးကွင်းကျေးရွာတို့တွင် မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## ငပုတောမြို့၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ငပုတော ဇူလိုင် ၂**

ဧရာဝတီ တိုင်းဒေသကြီး ငပုတောမြို့၌ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ငပုတောမြို့နယ် အရှေ့ပိုင်းရပ်ကွက် ပြည်သူ့ဆေးရုံးဝင်းအတွင်း ကျင်းပသည်။

**အမှာစကား ပြောကြား**

အဆိုပါ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် မြို့နယ် သစ်တောဦးစီးအရာရှိ ဦးဝင်းထွန်းနိုင်တို့က တက်ရောက်လာကြသူများအား ပျိုးပင်များပေးအပ်ခဲ့ပြီး ပျဉ်းကတိုးပင် ၅၀၊ မန်ကျည်းရှားပင် ၁၀၀၊ ခရေပင် ၁၀၀၊ ယမနေပင် ၁၀၀၊ မန်ကျည်းရှားပင် ၁၀၀ စုစုပေါင်း ပျိုးပင် ၄၅၀ တို့အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**







လူနေရပ်ကွက်များအတွင်း ရေများဝင်ရောက်လျက်ရှိသည်ကို တွေ့ရစဉ်။

**✪ ကျောဖုံးမှ**

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေ မြင့်တက်လျက်ရှိရာ ခန္တီးမြို့၏ စိုးရိမ်ရေမှတ်သည် ၁၃၆၀ စင်တီမီတာဖြစ်ပြီး ယနေ့တွင် ၁၅၃၅ စင်တီမီတာအထိ မြင့်တက်လာသဖြင့် စိုးရိမ်ရေမှတ်ထက် ၁၇၅ စင်တီမီတာကို ကျော်လွန်ခဲ့ကာ ခန္တီးမြို့နယ်အတွင်းရှိ မြို့မရပ်ကွက်၊ ပေါမိုင်းရပ်ကွက်၊ ဇီးဖြူကုန်းရပ်ကွက်၊ အောင်သာယာကျေးရွာနှင့် ဆင်သေကျေးရွာတို့အတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါမြစ်ရေဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၈၈ စု၊ လူဦးရေ ၆၅၈ ဦးတို့ကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးကင်းလွတ်ရာ နေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ သောက်ရေသန့်၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်ထိုမြို့နယ်၌ စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြသခြင်း ဆောင်ရွက်

**ကျိုက်ထို ဇူလိုင် ၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်နည်းစနစ် မှန်ကန်ရေး လက်တွေ့ အစေ့ချစိုက်ပျိုးပြသခြင်းကို ယနေ့ နေ့လယ်ပိုင်းက ကော့ထင်း ကျေးရွာတောင်သူတစ်ဦး၏ လယ်ယာမြေ၌ တာဝန်ရှိသူများ ပူးပေါင်းပြုလုပ်ခဲ့ကြသည်။



စပါးမျိုးစေ့ချ ကိရိယာဖြင့် လက်တွေ့အစေ့ချ စိုက်ပျိုးပြသခြင်းကို ကော့ထင်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၂၅)၊ ဦးပိုင်အမှတ်(၇၂/၁-က)၌ ပြုလုပ်ရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းဗိုလ်၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှူး ဦးဇော်ဇော်နှင့် တာဝန်ရှိသူတို့က ကြည့်ရှုအားပေးကာ ရှစ်တန်းသွား မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးရာ၌ ရရှိမည့်အကျိုးကျေးဇူးများ၊ လိုအပ်သည့် နည်းပညာပံ့ပိုးပေးနိုင်မှုများကို ရှင်းလင်းပြောကြားပြီး လိုအပ်သည်တို့ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြသည်။

ကျိုက်ထိုမြို့နယ်အတွင်း မိုးစပါးစိုက်ကာလ၌တောင်သူများအဆင်ပြေစွာ စိုက်ပျိုးနိုင်ခြင်းဖြင့် ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် တောင်သူများ၏ လူမှုစီးပွားရေး ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေနိုင်ရန် မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကျိုက်ထိုမြို့နယ်အတွင်းရှိ တောင်သူများအတွက် မျိုးစေ့ချကိရိယာများကို အခမဲ့ ထောက်ပံ့ ပေးအပ်ထားပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရွှေပြည်သာမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရွှေပြည်သာ ဇူလိုင် ၂**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရွှေပြည်ရတနာခန်းမ၌ ကျင်းပသည်။

**အသိပညာပေးဟောပြော**

အသိပညာပေးဟောပြောတွင် ရွှေပြည်သာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးညွန့်တို့က အဖွင့်အမှာစကားပြောကြားပြီး အမှတ် (၆၅)ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့စုမှူး ဒုရဲမှူးဇော်ဇော်စိုးက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်မဖြစ်ပေါ်စေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အသိပညာပေးဟောပြောကာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍အမှတ်(၆၅)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက လက်အချက်ပြသမှုအား သရုပ်ပြသခဲ့ပြီး တပ်ဖွဲ့စုမှူးက ပြန်လည်ရှင်းလင်းပြသကာ ကျောင်းသား ကျောင်းသူများသိရှိလိုသည်များကို ပြန်လည်ဖြေကြားရှင်းလင်းခဲ့သည်။

**ဉာဏ်ဟိန်း**

**✻ ရောဝတီနှင့်ချင်းတွင်းမှ**

ယနေ့မွန်းလွဲ ၁ နာရီ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့်(၈၄ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ရှစ်ပေခွဲခန့်(၂၆၁ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တစ်ပေခန့်(၂၃ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါ ချောင်းရေသည် နောက်ခြောက်နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

**စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်**

ယနေမွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေ မှတ်အောက်တစ်ပေခွဲခန့် (၄၇ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်ခြောက်နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဗန်းမော်မြို့နယ်၊ ကသာမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်နှင့် မိုးကောင်းမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**



# အောင်မြေသာစံမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**မန္တလေး ဇူလိုင် ၂**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ် လူငယ်သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဒေါက်တာအောင်ဆွေက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ တစ်ဦးချင်းပေးအပ်ကြသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်သည် လူငယ်သင်တန်းကျောင်းမှ ကျောင်းသားများနှင့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများအား ဇီဝအချက်အလက်စာရင်း(UID) ကောက်ယူနေမှုများကို ကြည့်ရှုအားပေးသည်။

**ဇီဝအချက်အလက် ကောက်ယူ**

အောင်မြေသာစံမြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် လူငယ်သင်တန်းကျောင်းမှ ကျောင်းသား ၁၇၂ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ပြီး ကျောင်းသားများ၊ ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုဝင် စုစုပေါင်း ၂၅၀ တို့အား ဇီဝအချက်အလက်စာရင်း (UID)ကောက်ယူပေးခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

# ( ၁၀၂ ) နှစ်ပြည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပွဲ ကျင်းပ

**မော်လမြိုင် ဇူလိုင် ၂**

(၁၀၂) နှစ်ပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က EXIM Bank ချေးငွေကျန်များအတွက် Exchange Loss နှင့် ပေးသွင်းရမည့်ငွေများ တာဝန်ကျေပေးသွင်းပြီးဖြစ်သည့် မော်လမြိုင်မြို့နယ် သမဝါယမအသင်းစုအား ဂုဏ်ပြုဆုနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့က ပေးအပ်ချီးမြှင့်သည့် စီမံခန့်ခွဲရေး ထူးချွန်မှုဂုဏ်ထူးဆောင်ဆု ရရှိခဲ့သည့် မွန်ပြည်နယ် သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးအား ထပ်ဆင့်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုးက ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူး ငါးဘာသာဖြင့် အောင်မြင်ခဲ့သည့် ဝန်ထမ်း သား၊ သမီးများအား ဂုဏ်ပြုဆုနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် အောက်မြန်မာပြည်(ဖောင်ကြီး)တွင် စာရေးဝန်ထမ်းကြီးကြပ်မှု တန်းမြင့်သင်တန်း အမှတ်စဉ်(၈၂)တွင် သေနတ်ပစ်ထူးချွန်ဆုနှင့် စစ်ရေးပြထူးချွန်ဆု ဆုနှစ်ဆုရရှိခဲ့သည့် မော်လမြိုင်မြို့နယ် သမဝါယမဦးစီးဌာနမှ ဌာနခွဲစာရေးဝန်ထမ်းအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြည်နယ်ဝန်ကြီးများက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် အောက်မြန်မာပြည် (ဖောင်ကြီး) တွင် ထူးချွန်ဆုရရှိကြသူများအား လည်းကောင်း၊ သမဝါယမ စာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းမှ စာစီစာကုံးပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆုရ ကျောင်းသူများအား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကာ မွန်ပြည်နယ် သမဝါယမအသင်းစုဥက္ကဋ္ဌက သမဝါယမ ဦးစီးဌာနဝန်ထမ်းများ၊ အသင်းစုချုပ် အမှုဆောင်များနှင့် အသင်းဝန်ထမ်းများအား ဆန်၊ ဆီ၊ စားကုန် ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အထွေထွေစီးပွားရေးသမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

(၁၀၂) နှစ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အထွေထွေစီးပွားရေး သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အထွေထွေစီးပွားရေး သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားကာ အသင်းအတွင်းရေးမှူးက အသင်း၏ နှစ်ပတ်လည်အစီရင်ခံစာ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေး ရှင်းတမ်း၏ အသားတင်အကျိုးအမြတ် ခွဲဝေမှု အခြေအနေကို ဖတ်ကြားရှင်းလင်း၍ အတည်ပြုချက်ရယူသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိက အထွေထွေစီးပွားရေးသမဝါယမ အသင်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အထွေထွေစီးပွားရေးသမဝါယမ အသင်းလီမိတက် အသင်းဥက္ကဋ္ဌက အသင်းဝင်များကိုယ်စား အသင်းသားတစ်ဦးထံ လက်ဆောင်ပေးအပ်ခဲ့သည်။ **သတင်းစဉ်**

# ခရမ်းမြို့နယ်၌ VDP စီမံကိန်း ကော်မတီဖွဲ့စည်း

**ခရမ်း ဇူလိုင် ၂**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက ကန်ညီနောင်ကျေးရွာ၌ ကျင်းပခဲ့သည်။

ဦးစွာ ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။

ကန်ညီနောင် ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေ ကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာမှရွေးချယ်ထားသော ကျေးရွာတွင်းဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **JJJ**

# တနင်္သာရီမြို့၌ အမျိုးသမီးအခြေခံစက်ချုပ် နှစ်လသင်တန်းဖွင့်ပွဲကျင်းပ

**တနင်္သာရီ ဇူလိုင် ၂**

တနင်္သာရီ တိုင်းဒေသကြီး တနင်္သာရီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ အသက်မွေးဝမ်းကျောင်း အထောက်အကူ ပြုပညာ (အမျိုးသမီးအခြေခံ စက်ချုပ်) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီက ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမအတွင်း ကျင်းပကြောင်း သိရသည်။



အခမ်းအနားတွင် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သက်ထူးက သင်တန်းအဖွင့်အမှာ စကားပြောကြားပြီး သင်တန်း နည်းပြဆရာမ ဒေါ်အေးမြတ်သူက သင်တန်း၌ သင်ကြားပေးမည့် အခြေခံအပ်ချုပ်နည်း ဘာသာရပ် အမျိုးအစားများနှင့် မိတ်ဆက်ရှင်းလင်းပေးသည်။

သင်တန်းတွင် တနင်္သာရီ မြို့နယ် ချောင်းလမုကျေးရွာမှ ဒေသခံအမျိုးသမီး သင်တန်းသူ ၁၅ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ဇူလိုင် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ နှစ်လဖြစ်ကြောင်း၊ သင်တန်းတွင် စက်ပစ္စည်း ထိန်းသိမ်းနည်း၊ ခါးစက် အပ်ချည်ထိုးနည်း၊ လက်ချုပ်နည်း၊ ကြယ်သီးဖောက်၊ ရိုးရိုးဇစ်တပ်နည်းနှင့် ဇစ်ပျောက်တပ်နည်း၊ သုံးလွှာ၊ လေးလွှာချိတ်ထဘီ၊ ပတ်ထဘီ၊ နောက်ဇစ်ရင်စေ့၊ ရင်ဆိုင်၊ ရင်ဖုံး၊ ရင်ဖြတ်ဆက်၊ လည်ပင်း ပုံစံအမျိုးမျိုး၊ Ready Made အင်္ကျီပုံစံအမျိုးမျိုးနှင့် ပုံဆန်းချုပ်ပုံနည်းများကို ကျွမ်းကျင်တတ်မြောက်သည်အထိ သင်ကြားပေး သွားမည်ဖြစ်ကြောင်း နည်းပြဆရာမ ဒေါ်အေးမြတ်သူထံမှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



# လေးမျက်နှာမြို့နယ်တွင် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲ ပြုလုပ်

**လေးမျက်နှာ ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာရှိ တောင်သူ ဦးငွေအောင်၏လယ်မြေတွင် ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ပြုလုပ်သည်။

ဦးစွာ ဟင်္သာတခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်သန်းနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးတို့က ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းအကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကို ကြည့်ရှုအားပေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွား၊ ဒေသခံများ နေအိမ်မှစွန့်ခွာထွက်ပြေး



**နယူးဒေလီ ဇူလိုင် ၂**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ ဒေသခံ ငါးသိန်းခန့် နေအိမ်စွန့်ခွာခဲ့ရကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ဒေသခံများ၏ နေအိမ်များအတွင်းသို့ ရေများဝင်ရောက်မှု များပြားလာသဖြင့် အိုးအိမ်များစွန့်ခွာထွက်ပြေးခဲ့ရကြောင်း ပြည်နယ်အစိုးရ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အာသံပြည်နယ်အတွင်းရှိ မြစ်များအတွင်း ပုံမှန်ထက် ရေစီးကြမ်းခဲ့ပြီး ယခုနှစ်အတွင်း ရေကြီးရေလျှံမှုဖြစ်စဉ်များကြောင့် ၃၅ ဦးသေဆုံးခဲ့သည်။

အိန္ဒိယတပ်မတော်လေမှ ရဟတ်ယာဉ်များသည် ယင်းရေကြီးရေလျှံမှုဖြစ်ပွားသည့် ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီး ယနေ့တွင် ရေကြီးရေလျှံမှုဖြစ်ပွားသည့် ဗြဟ္မပုတ္တရမြစ်အနီး ကျွန်းတွင် ပိတ်မိနေသည့် ဒေသခံ ၁၃ ဦးကို ကယ်ဆယ်ခဲ့ကြောင်း အာသံပြည်နယ်ဝန်ကြီးချုပ် Himanta Biswa Sarma က လူမှုမီဒီယာအိပ်စ်တွင် ပြောကြားသည်။ ဝန်ကြီးချုပ်မိုဒီက ယင်းရေကြီးရေလျှံမှုအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် အစိုးရက ပူးပေါင်းဆောင်ရွက်မည်ဟု ပြောကြားခဲ့ကြောင်း အာသံပြည်နယ်ဝန်ကြီးချုပ်က ထပ်လောင်းပြောကြားသည်။

ရေကြီးရေလျှံမှုကြောင့် ပြည်နယ်ရှိ ခရိုင် ၁၉ ခုမှ လူပေါင်း ၆၄၀၀ ကို ထိခိုက်ခဲ့သည်ဟု သည်အင်ဒီးယန်းအိပ်စ်ပရက်စ် သတင်းစာက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**



## တောင်ကိုရီးယားနိုင်ငံ၌ အဏ္ဏဝါသဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး ကြပ်မတ်ဆောင်ရွက်

**ဆိုးလ် ဇူလိုင် ၂**

တောင်ကိုရီးယားနိုင်ငံသည် နိုင်ငံအတွင်းရှိ အဏ္ဏဝါသဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် ကြပ်မတ်ဆောင်ရွက်မည်ဖြစ်ကြောင်း သမုဒ္ဒရာနှင့် ငါးလုပ်ငန်းဝန်ကြီး ကန်ဒိုဟန်းက ဆိုးလ်တွင်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်ဟု ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းခြင်း မရှိပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမရှိနိုင်ဘဲ သမုဒ္ဒရာများအား ထိန်းသိမ်းခြင်းမရှိပါကလည်း ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းခြင်းနှင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းတို့ကို ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း ယင်းက ထပ်လောင်းပြောကြားသည်။ နိုင်ငံအတွင်းရှိအဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းရန်အတွက် နိုင်ငံအတွင်းရှိ သမုဒ္ဒရာများ၏ ၃၀ ရာခိုင်နှုန်းကို အဏ္ဏဝါထိန်းသိမ်းရေးနယ်မြေများအဖြစ်သတ်မှတ်မည်ဟု သိရသည်။

ကမ္ဘာတစ်ဝန်းတွင် ထုတ်လုပ်သော ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ ၂၃ ရာခိုင်နှုန်းခန့်ကို သမုဒ္ဒရာက စုပ်ယူထားကြောင်း သိရသည်။

နိုင်ငံ၏ အဏ္ဏဝါပတ်ဝန်းကျင် မူဝါဒများမှ တစ်ဆင့် အဆင့်မြင့်သည့် အဏ္ဏဝါဝန်းကျင်တစ်ခုကို ဖန်တီးနိုင်လိမ့်မည်ဟု ကန်က ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် (၁၀)ကြိမ်မြောက် သမုဒ္ဒရာဆိုင်ရာညီလာခံကို လာမည့်နှစ် ဧပြီလတွင် ဘူဆန်မြို့၌ ကျင်းပမည်ဖြစ်ပြီး ယင်းညီလာခံတွင် တာဝန်ရှိသူများက အဏ္ဏဝါကာကွယ်ရေးနယ်မြေသတ်မှတ်ခြင်း၊ အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ရာသီဥတုပြောင်းလဲမှု၊ အဏ္ဏဝါစီးပွားရေး ကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန်– စိုးသူရ**

## ဖိလစ်ပိုင်နိုင်ငံရှိ စပါးခင်းများမှ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုကို ဂျပန်နည်းပညာဖြင့် ဖြတ်တောက်ခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုကို လျှော့ချ

**တိုကျို ဇူလိုင် ၂**

ဖိလစ်ပိုင်နိုင်ငံရှိ စပါးခင်းများမှ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုကို ဂျပန်နည်းပညာဖြင့် ဖြတ်တောက်ခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုကို လျှော့ချသွားရန် ဂျပန်နှင့်ဖိလစ်ပိုင် နှစ်နိုင်ငံအစိုးရတို့က သဘောတူညီခဲ့ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းဆိုင်ရာ ကိစ္စရပ်များကို ဖိလစ်ပိုင်နိုင်ငံနှင့် သဘောတူညီမှုရရှိထားကြောင်း ဂျပန်စိုက်ပျိုးရေးဝန်ကြီးဌာနက ဇွန် ၂၈ ရက်တွင် ပြောသည်။

ဂျပန်နိုင်ငံသည် မီသိန်းထွက်ရှိသော ဘက်တီးရီးယားများ၏ လုပ်ငန်းဆောင်တာများကို တားဆီးရန်အတွက် စပါးစိုက်ခင်းများကို ပုံမှန်ရေထုတ်ခြင်းနှင့် မြေဆီလွှာကို အောက်ဆီဂျင်ထုတ်လွှတ်ရန် နည်းပညာကို ပံ့ပိုးပေးမည်ဖြစ်သည်။

ကမ္ဘာ့ကောက်ပဲသီးနှံစိုက်ခင်းများမှ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ၄၈ ရာခိုင်နှုန်းရှိပြီး ယင်းတို့အနက် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုသည် အများဆုံးဖြစ်ကြောင်း သိရသည်။

အဆိုပါနည်းပညာသည် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုကို ၃၅ ရာခိုင်နှုန်း လျှော့ချနိုင်ပြီး ရိတ်သိမ်းအထွက်နှုန်း ၂၀ ရာခိုင်နှုန်းကျော် တိုးမြင့်လာမည်ဖြစ်သည်။

ဂျပန်နှင့် ဖိလစ်ပိုင်တို့သည် ဓာတ်ငွေ့ထုတ်လွှတ်မှု ဖြတ်တောက်ခြင်းဆိုင်ရာ ချေးငွေများကိုလည်း နှစ်နိုင်ငံချေးငွေခွဲဝေမှုစနစ်အောက်တွင် မျှဝေသွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် နှစ်နိုင်ငံချေးငွေခွဲဝေမှုစနစ်အောက်တွင် မိတ်ဖက်နိုင်ငံများအား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နည်းပညာကို ကမ်းလှမ်းထားပြီးဖြစ်သည်။ ဖိလစ်ပိုင်နှင့် ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းသည် လယ်ယာကဏ္ဍတွင် ပထမဆုံးဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောသည်။

ဗီယက်နမ်နိုင်ငံကိုလည်း အလားတူနည်းပညာ ပံ့ပိုးပေးနိုင်ရန် မျှော်လင့်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ဆိုသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## တရားမဝင်လောင်းကစားမှုတွင် ပါဝင်ပတ်သက်နေသည့် တရားခံများအား စင်ကာပူနှင့် မလေးရှားရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီး

**စင်ကာပူ ဇူလိုင် ၂**

စင်ကာပူနှင့် မလေးရှားရဲတပ်ဖွဲ့ဝင်များသည် မကြာသေးမီက တရားမဝင် လောင်းကစားမှုတွင် ပါဝင်ပတ်သက်နေသည့် တရားခံ ၄၃ ဦးကို ဖမ်းဆီးခဲ့ကြောင်း စင်ကာပူရဲတပ်ဖွဲ့က ယနေ့ပြောကြားသည်။

ယမန်နေ့နှင့် ယနေ့တွင် ပြုလုပ်သည့် စစ်ဆင်ရေးများအတွင်း စင်ကာပူရဲတပ်ဖွဲ့က အမျိုးသား ၃၇ ဦးနှင့် အမျိုးသမီးနှစ်ဦးကို ဖမ်းဆီးခဲ့ပြီး မလေးရှားရဲတပ်ဖွဲ့ကလည်း စင်ကာပူနိုင်ငံသားအမျိုးသားလေးဦးကို ဖမ်းဆီးခဲ့သည်။ ၎င်းဖြစ်စဉ်များအတွင်း စင်ကာပူဒေါ်လာ ၁၀ ဒသမ ၇ သန်းကျော်တန်ဖိုးရှိ နေအိမ်ခုနစ်လုံးကို ချိတ်ပိတ်သိမ်းဆည်းခဲ့ကြောင်း စင်ကာပူရဲတပ်ဖွဲ့က ပြောကြားသည်။ ထို့ပြင် ငွေသားများ၊ တန်ဖိုးကြီးနာရီများနှင့် ဘဏ်အကောင့် ၄၀ ကျော်ခန့်ကို ထိန်းသိမ်းခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတကာနှင့် ပူးပေါင်းကာ နယ်စပ်ဖြတ်ကျော် မှုခင်းနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## ဂါဇာကမ်းမြောင်ဒေသ၌ သောက်သုံးရေသန့်စင်ဖြန့်ဖြူးနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်

**ဂျေရုဆလင် ဇူလိုင် ၂**

ဂါဇာကမ်းမြောင်ဒေသရှိ လျှပ်စစ်ကုမ္ပဏီတစ်ခုသည် ဒေသခံများအတွက် ဆားငန်ရေမှ သောက်သုံးရေသန့်စင်ဖြန့်ဖြူးနိုင်ရန် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ယင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် အစ္စရေးတပ်မတော်နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

လျှပ်စစ်လိုင်းများအား ပါလက်စတိုင်း လျှပ်စစ်ကုမ္ပဏီမှ လုပ်သားများက ပြင်ဆင်နေသည့် ဗီဒီယိုဖိုင်ကို ထုတ်လွှင့်ပြသခဲ့သည်။ အစ္စရေးက နိုင်ငံအတွင်းမှ လျှပ်စစ်ဓာတ်အားကို ခန်းယူနွတ်ရှိ ရေသန့်စင်ချက်လုပ်သည့် စက်ရုံကို ဖြန့်ဖြူးပေးရန် ဆောင်ရွက်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယခုကဲ့သို့ ရေသန့်စင်ရေးအတွက် လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးမည့်အစီအစဉ်ကို အစ္စရေးကာကွယ်ရေးဝန်ကြီး Yoav Gallant က ဇွန် ၁၆ ရက်တွင် အတည်ပြုခဲ့သည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန် –စိုးသူရ**



# သာယာဝတီနှင့် ထားဝယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းများ၏ အဌမအကြိမ်မြောက် ဒီပလိုမာအပ်နှင်းပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ဇွန် ၃၀ ရက် မွန်းလွဲပိုင်းက ဒေသခံတောင်သူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်ကုန်းကျေးရွာ ကွင်းအမှတ်(၆၆၅) တောင်သူ ဦးသိန်းဇော်၏ လယ်မြေတွင်ကျင်းပသည့် မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ အခမ်းအနားနှင့် တိုက်ကြီးမြို့နယ် ရင်းတိုက်ကွင်းကျေးရွာအုပ်စု တောင်သူ ဦးလှဝင်း၏ လယ်မြေ ဆည်ရေသောက် ရေတော်မိုးတော် ဧရိယာ၌ မိုးစပါးစိုက်ပျိုးမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ တောင်သူများအတွက် အကျိုးအမြတ် ပိုမိုရရှိနိုင်မှု အခွင့်အလမ်းများကို ဆွေးနွေးပြောကြားသည်။

ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း (သာယာဝတီ)၌ ကျင်းပသည့် သာယာဝတီနှင့် ထားဝယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများ၏ အဌမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာ အပ်နှင်းပွဲအခမ်းအနားသို့ တက်ရောက်သည်။




ဒီပလိုမာအပ်နှင်းပွဲတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ တိုးတက်စေရန် ကျေးလက်ဒေသကဏ္ဍမှ ကိုယ်စီ တာဝန်ယူ ဆောင်ရွက်ကြမည့် မျိုးဆက်သစ် အလယ်အလတ်အဆင့် စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ပေးလိုက်ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဦးစားပေး အလေးထားဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံးတွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၅ ကျောင်းကို ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ ၁၅ ကျောင်းမှ ယခုနှစ် ဒီပလိုမာလက်မှတ်ရ ကျောင်းဆင်းမောင်မယ်များထဲမှ ၉၉ ဦးသည် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် သင်ကြားရေးတာဝန် ထမ်းဆောင်နေကြပြီဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (သာယာဝတီနှင့် ထားဝယ်)၏ ယခုနှစ် ဒီပလိုမာဘွဲ့ရ မောင်မယ်များထဲမှ ၁၉ ဦးလည်း အပါအဝင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက် အောင်မြင်လာစေရန် ခေတ်မီနည်းပညာများကို တောင်သူ့လက်ဝယ်သို့ အမြန်ဆုံးရောက်ရှိ အသုံးပြုနိုင်ကြစေရန် ကျောင်းဆင်းမောင်မယ်များ အနေဖြင့် ကျေးလက်ဒေသကဏ္ဍများက ပါဝင်ကြိုးပမ်းပေးကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက တန်းစဉ်ပေါင်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမရရှိသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြပြီး တာဝန်ရှိသူများက ကျောင်းဆင်းမောင်မယ် ၁၄၇ ဦးကို စိုက်ပျိုးရေးဒီပလိုမာ အပ်နှင်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## ကော့မှူးမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

**ကော့မှူး ဇူလိုင် ၂**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးဆောင်ကျင်းပသော စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ထမ္ဘနိုင်ကျေးရွာအနီးရှိ ထမ္ဘနိုင်-ကိုးထောင်-မျက်ဆံနီလမ်း (၀/၀မိုင်မှ၁/၂.၇၃မိုင်)အတွင်း၌ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**တပျော်တပါး စိုက်ပျိုး**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဒေဝက ဌာနဆိုင်ရာများအား ပျိုးပင်များပေးအပ်ခဲ့သည်။ ဆက်လက်၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဦးဆောင်၍ ထမ္ဘနိုင်-ကိုးထောင်-မျက်ဆံနီလမ်းတစ်လျှောက်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဒေဝနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများက စိန်ပန်း၊ မန်ဂျန်ရှား စုစုပေါင်းအပင် ၅၀၀ အား တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ကျော်သူရ(ပြန်/ဆက်)

## ထားဝယ်မြို့၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများဆောင်ရွက်ရန် စာချုပ်များ လက်မှတ်ရေးထိုးချုပ်ဆိုခြင်း အခမ်းအနားကျင်းပ

**ထားဝယ် ဇူလိုင် ၂**

တနင်္သာရီ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဖိုးသီးချိုလျှပ်စစ်ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်တို့အကြား ချုပ်ဆိုမည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ပြင်ဆင်သည့် ပြင်ဆင်ချက်စာချုပ်နှင့်တတိယအကြိမ် သက်တမ်းတိုးသည့် ပြင်ဆင်ချက်သဘောတူစာချုပ်များအား လက်မှတ်ရေးထိုးချုပ်ဆိုခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်က တနင်္သာရီတိုင်းဒေသကြီးအဖွဲ့နှင့် ကိုအောင်နိုင် (ဖိုးသီးချို) ကုမ္ပဏီလီမိတက်တို့အကြားချုပ်ဆိုမည့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား (၆)မဂ္ဂါဝပ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရန် မူလချုပ်ဆိုသည့် သဘောတူစာချုပ်ကို ပြင်ဆင်သည့် ပြင်ဆင်ချက်စာချုပ်နှင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့ ပလခွဲရုံ၊ ပလောက်မြို့ ပြင်ဘုကြီးကျွန်းတို့တွင်လည်းကောင်း၊ မြိတ်ခရိုင် ပုလောမြို့နယ် အတွင်းရှိ မလိကျွန်းတွင်လည်းကောင်း၊ မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်းရှိ တနင်္သာရီမြို့၊ မောတောင်မြို့၊ ဘန်းလမွတ်ရွာ၊ ညောင်ပင်ကွင်းကျေးရွာတို့တွင်လည်းကောင်း၊ ဘုတ်ပြင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ဘုတ်ပြင်းမြို့၊ ပြည်ကြီးမဏ္ဍိုင်မြို့၊ ကရသူရိမြို့တို့တွင်လည်းကောင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် တတိယအကြိမ် သက်တမ်းတိုးသည့် ပြင်ဆင်ချက် သဘောတူစာချုပ်များအား လက်မှတ်ရေးထိုးချုပ်ဆိုသည့်အခမ်းအနား ဖြစ်ကြောင်း ပြောကြားသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် ဖိုးသီးချိုလျှပ်စစ်ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်က လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူး ဆောင်ရွက်ပေးနေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဖိုးသီးချိုလျှပ်စစ်ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်တို့အကြား လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စာချုပ်များအား တာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ပန်းတောင်းမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပန်းတောင်း ဇူလိုင် ၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် သစ်တောဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက လက်ရဲတပ်ကြိုးဝိုင်း အကွက်အမှတ် (၁၁) တွင် စိုက်ပျိုးခဲ့သည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးထက်အောင်-၁ နှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၃၀၀ တက်ရောက်ခဲ့ပြီး မန်ဂျန်ရှားပင် ၁၀၀၊ ကျွန်းပင် ၃၀၀၊ ပျဉ်းကတိုးပင် ၁၀၀၊ မဟော်ဂနီပင် ၁၀၀ စုစုပေါင်းပျိုးပင် ၆၀၀ အား သတ်မှတ်နေရာများတွင် စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။



လပြည့်လင်း(ပြန်/ဆက်)

## လပွတ္တာမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**လပွတ္တာ ဇူလိုင် ၂**

ဧရာဝတီ တိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ၃ မိုင်မြို့ ခရေလမ်း (ဆေးရုံဝင်း)အနီးတွင် ကျင်းပသည်။

**စုပေါင်းစိုက်ပျိုး**

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းနိုင်က ပျိုးပင်များအား ပေးအပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး တက်ရောက်လာသူများက မန်ဂျန်ရှားပင် ၃၃၀၊ ပျဉ်းကတိုး ၁၀ ပင်၊ ငုရွှေဝါ ၁၀ ပင်၊ ခရေ ၁၀ ပင်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။



မူမူ



## ဟိုပုံးမြို့နယ်၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**ဟိုပုံး ဇူလိုင် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက အဆိုပါရုံးတည်ဆောက်မည့်မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ ဒေသအဆင့်ဌာနဆိုင်ရာများက သတ်မှတ်နေရာအသီးသီးတွင် မင်္ဂလာပန္နက်တိုင်များကိုးကြိမ်စီရိုက်သွင်းခဲ့ကြပြီး အမွေးနံ့သာရည်များပက်ဖျန်းပေးကာ တက်ရောက်လာသူများနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကြသည်။

အဆိုပါ ရုံးကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၈၆ ဒသမ ၀၆၀ သန်းဖြင့် အလျား ၄၅ ပေ၊ အနံ ၄၈ ပေ၊ အမြင့် ၂၄ ပေ RC နှစ်ထပ်အမျိုးအစားဖြစ်ပြီး ရှမ်းချယ်ရီတောင်တန်းကုမ္ပဏီက တာဝန်ယူတည်ဆောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

## လာမည့်ကာလတွင် ဈေးကောင်းရရှိရန် ကော်ဖီပင်လုပ်ငန်းရှင်များ ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၂**

မိုးတွင်းကာလတွင် ကော်ဖီစိုက် လုပ်ငန်းရှင်များအတွက် ခြံကို ဦးစားပေးဆောင်ရွက်နေကြပြီး လာမည့်ကာလတွင် ဈေးကောင်းရရှိရန် ဆောင်ရွက်နေကြောင်း ကော်ဖီစိုက်တောင်သူများထံမှ သိရသည်။

မိုးရာသီကာလတွင် ကော်ဖီခြံများအတွင်း ပေါင်းနုတ်ခြင်း၊ မြေစာကျွေးခြင်းများကို လက်ရှိတွင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ဂရုစိုက်ရတဲ့ အချိန်**

"မိုးတွင်းကျတော့ ခြံတွေကို ဂရုစိုက်ရတဲ့ အချိန်ပါ။ မိုးတွင်းမှာတော့ ခြံလုပ်ငန်းကများတယ်။ ပေါင်းနုတ်တာ၊ ပေါင်းရှင်းတာပဲ မြေဩဇာကျွေးရတာ။ ဒါကတော့ ခြံစိုက်တဲ့ သူတိုင်းလုပ်ရပါတယ်။ ဆောင်းတွင်းဆိုရင် ပေါင်းကျန်ရှင်းတာလေးလုပ်လို့ရပေမယ့် မိုးတွင်းကျတော့ အပြင်လုပ်သားပါထည့်ရတယ်။ မြန်မြန်လုပ်ရပါတယ်။ မိုးလေးကျနေတုန်းမှာ ဒီပေါင်းတွေကို မြန်မြန်ရှင်း၊ မြန်မြန်မြေဩဇာကြဲပါတယ်။ ကျွန်တော်တို့က အချောရော စိုက်ပျိုးတာပါ အဓိကတဲ့လုပ်တာဆိုတော့ ဒီဘက်မှာ ဈေးကွက်က အေးတော့ အဲဒီဘက်မှာ အလုပ်များနေတာ။ မိုးတွင်းမှာဂရုစိုက်မှလည်း ထွက်တဲ့အသီးတွေ ဈေးပိုရတယ်။ အသီးတွေ ထွက်အားကောင်းမယ်"ဟု ပြင်ဦးလွင်မြို့နယ်မှ KK သဘာဝနှပ်ကော်ဖီနှင့် ကော်ဖီစေ့ရောင်းဝယ်ရေးနှင့် ကော်ဖီခြံစိုက်ပျိုးရေး လုပ်ကိုင်သူ မခိုင်ခိုင်က ပြောသည်။

**ဈေးကွက်အေးသည့် အနေအထားရှိ**

ယခုနှစ်အတွင်း ထုပ်ပိုးပြီး ကော်ဖီများဈေးကောင်းနေသော်လည်း ကော်ဖီကုန်ကြမ်းဈေးငြိမ်နေကာ ဈေးကွက်အေးသည့် အနေအထားရှိကြောင်းလည်း သိရသည်။

"ပြင်ဦးလွင်ကော်ဖီဈေးကွက်က ဧည့်သည်များတဲ့အချိန်ဆို ကောင်းတာ။ ဆိုင်တင်ရတာလည်း အရင်နဲ့မတူဘူး။ ဈေးကွက်ကတော့ ဒီနှစ်အတွင်း အေးတယ်။ ဒီမှာက ကော်ဖီဈေးက တအားကြီးမတက်ဘူး၊ အခြားပါကင်ထုပ်လုပ်မှုမှာ ကုန်ကျစရိတ်တွေက တက်တာ"ဟု မခိုင်ခိုင်က ဆက်လက်ပြောသည်။

Thit Taw



## ပန်းတနော်မြို့၌ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲ ကျင်းပ

**ပန်းတနော် ဇူလိုင် ၂**

ဧရာဝတီ တိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သစ်တောဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက ဂုံမင်းကျေးရွာတောရဘုန်းကြီး ကျောင်းဝင်းအတွင်း စုပေါင်းစိုက်ပျိုးသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမင်းအေးချမ်းဇွန်၊ သစ်တောဦးစီးဌာန မြို့နယ်တာဝန်ခံ(တောအုပ်) ဦးသန့်ဇင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ဒေသခံပြည်သူများက မန်ကျည်းရှား ၈၉ ပင်၊ မဟော်ဂနီပင် ၉၀၊ ကျွန်းတစ်ပင်၊ ကံ့ကော်တစ်ပင်၊ ခရေတစ်ပင်၊ တပေဘူတတစ်ပင် စုစုပေါင်း ၁၈၃ ပင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။



ပြည့်ဖြိုးကျော်(ပြန်/ဆက်)

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ပုပ္ပားတောင်ဘူမိဥယျာဉ်၌ ဘူမိအခြေပြု ခရီးသွားလုပ်ငန်း စတင်အသက်သွင်းရန် ပြင်ဆင်

**ရန်ကုန် ဇူလိုင် ၂**

မြန်မာ့ပထမဆုံး ဘူမိဥယျာဉ်ဖြစ်သော ပုပ္ပားတောင်ဘူမိဥယျာဉ်၌ ဆောင်ရွက်မည့် ဘူမိအခြေပြုခရီးသွားလုပ်ငန်းကို စတင်အသက်သွင်းရန်အတွက် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း အဆိုပါလုပ်ငန်းကို လုပ်ကိုင်မည့် မဟာဂီရိ Community Base Geotourism Services မှ ကိုတင်ကိုမင်းက ပြောသည်။

အဆိုပါဘူမိအခြေပြုခရီးသွားလုပ်ငန်းအတွက် ဇူလိုင်လမကုန်မီ Package ရောင်းရန် စီစဉ်ဆောင်ရွက်ထားကြောင်း မဟာဂီရိ Community Base Geotourism Services မှ သိရသည်။

"ဘူမိအခြေပြုခရီးသွားလုပ်ငန်းက စတော့စနေပြီ။ဒါပေမဲ့ Data ကျွန်တော့်ဆီမှာ မစုံသေးတာ၊ အဖွဲ့ထဲမှာ training ပြန်ပေးရမှာလည်း ရှိတော့ ဒီလထဲမှာ စဖို့ပြင်ဆင်နေတယ်။ ဒီလထဲ Package တစ်ခုရောင်းဖြစ်အောင် ရောင်းမယ်လို့စိတ်ကူးထားတယ်။ ဒီလထဲ လဝက်နောက်ပိုင်း လမကုန်ခင် လုပ်ဖြစ်ဖို့များတယ်။ နောက်ဆုံးအပတ်ထဲ ဖြစ်နိုင်ခြေမျှော်လင့်ထားတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ ခရီးသွားလုပ်ငန်းအမျိုးအစားမှာ အသစ်အဆန်းဖြစ်နေသည့်အတွက် လူစိတ်ဝင်စားမှုအထိုက်အလျောက်ရှိပြီး မီးတောင်ဖြစ်စဉ်နှင့် ပတ်သက်သည့် ဗဟုသုတများကို လေ့လာခွင့်ရရှိမည်ဖြစ်ကာ ဇီဝမျိုးစိတ်များနှင့်ပတ်သက်၍လည်း လေ့လာခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

"လူငယ်တွေပိုင်းနဲ့ Private School မှ ကလေးတွေ ပိုလာနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ကိုတင်ကိုမင်းက ပြောသည်။

မဟာဂီရိအဖွဲ့အစည်းအနေဖြင့် လက်ရှိတွင် ပုပ္ပားတောင်တက် ဝန်ဆောင်မှုလုပ်ငန်း၊ ပုပ္ပားမျောက်မြီးရှည်ထိန်းသိမ်းရေး လုပ်ငန်းကိုလည်း လုပ်ကိုင်နေသည့်အပြင် ဘူမိအခြေပြုခရီးသွားလုပ်ငန်းတို့ကို တိုးချဲ့လုပ်ကိုင်ရန် ဆောင်ရွက်နေပြီး ပုပ္ပားဒေသမှ ရှားပါးတိရစ္ဆာန်များဖြစ်သည့် ပုပ္ပားမြွေးပွေးတက်တူ၊ ပုပ္ပားတောက်တက်ပျံများကိုလည်း ထိန်းသိမ်းရေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

MT



## ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန လွှတ်တော်နှင့်နေအိမ်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့(ရန်ကုန်) (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့် နေအိမ်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့ (ရန်ကုန်) မှ (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဝင်း၊ အိမ်တော်ဝင်းနှင့် ဝင်ဒါမီယာဝင်းတို့တွင် တပ်ဆင်ရန်နှင့် အစားထိုးရန် လေအေးပေးစက်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်သောကြောင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား မြန်မာငွေ (ကျပ်)ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည်ဖြစ်၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

၂။ တင်ဒါပုံစံ ရောင်းချမည့်ရက် - (၄-၇-၂၀၂၄)နံနက်(၁၀:၀၀) နာရီမှ (၁၈-၇-၂၀၂၄) ညနေ(၄:၀၀)နာရီအထိ

၃။ တင်ဒါပုံစံ ရောင်းချမည့်နေရာ - လျှပ်စစ်ဌာနခွဲ၊ လွှတ်တော်နှင့် နေအိမ်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့(ရန်ကုန်)၊ လွှတ်တော်ဝင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၁-၈၃၁၇၅၅၉

၄။ တင်ဒါတင်သွင်းရမည့် ရက်/အချိန် - (၂-၈ -၂၀၂၄ ) ရက် နံနက်(၁၀:၀၀)နာရီမှ မွန်းလွဲ(၂:၀၀)နာရီအထိ

၅။ တင်ဒါဖွင့်မည့်ရက် - ကြေညာပါမည်။

၆။ အိတ်ဖွင့်တင်ဒါပုံစံ(၁)စောင် တန်ဖိုး - ကျပ် (၁၂၈၀၀ိ/-)

၇။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၈၃၁၇၅၅၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၃)၊ မြေကွက်အမှတ်(၅၁၅)ဟုခေါ်တွင်သော အိမ်အမှတ်(၅၁၅)၊ (၁၂၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဦးဝင်းအောင်(ဘ) ဦးကျော်ဇော (တီဂျီအေ-၀၁၄၀၉၄) အမည်ပေါက် (၄၀ ပေ x ၆၀ ပေ)ကျယ်ဝန်းသည့် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အိမ်အမှတ်(၅၁၄) နှင့်ကပ်လျက် (၂၀ ပေ x ၆၀ ပေ)ကျယ်ဝန်းသည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မာမာလွင် [၉/ဝတန(နိုင်)၁၃၂၈၀၅]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP)** — **ဦးကျော်မင်းဦး(LLB)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)** — **အထက်တန်းရှေ့နေ(စဉ်-၅၀၆၆၉)**
**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊**
**မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၃/စက်မှုဇုန်၊ မြေကွက်အမှတ်-၂၇၅၈၊ မြေကွက်တည်နေရာအမှတ်(၂၇၅၈)၊ ၆၃/စက်မှုဇုန်ရပ်ကွက်၊ ဒဂုံတောင် ဦးကျော်သာ [၁၂/မဂတ(နိုင်)၀၇၉၇၄၂] အမည်ပေါက် နှစ်(၆၀) စက်မှုမြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးကျော်သာ၏ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၅၈၃၇/၂၀၂၃(၂၈-၃-၂၀၂၃) ရရှိသူ ဦးရဲအောင်[၁၂/မရက(နိုင်)၁၅၆၀၁၅] မှ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ အထူးကိုယ်စားလှယ်လွှဲစာ(၅၈၃၇/၂၀၂၃)ဖြင့် ကိုယ်စားလှယ်လွှဲသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာအမှတ်-၅၁၈/၂၀၂၃(၄-၅-၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ရှိ (၂၀၀၄) ခုနှစ်တွင် ဘဏ်ချေးရန်အတွက် မြေပုံမြေရာဇဝင်အား ဦးကျော်သာမှထုတ်ယူခဲ့ပြီး အာရှဓနဘဏ်တွင် ငွေချေးယူခဲ့ပါသည်။ အဆိုပါ ချေးငွေအားအမည်ပေါက် ဦးကျော်သာမှ အပြေအကျေ ပြန်လည်ပေးဆပ်ပြီးဖြစ်ပါသဖြင့် ဂရန်မူရင်းနှင့် ဘဏ်ချေးမြေပုံမူရင်းအား အာရှဓနဘဏ်မှ မိမိလက်ဝယ်သို့ ပြန်လည်ပေးအပ်ခဲ့ပါကြောင်း၊ ထိုဘဏ်ချေးမြေပုံမြေရာဇဝင်မူရင်းအား မိမိ၏လက်ဝယ်၌ အထားအသိုမှားယွင်းစွာဖြင့် ပျောက်ဆုံးသွားခဲ့ပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၂၃၅၆/၂၀၂၃(၁၁-၈-၂၀၂၃)တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၂) ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အခန်းအမှတ်(၂/၄)၊ တိုက်အမှတ်(၂၃၇) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၄)ထပ်အနက်မှ (၁-လွှာ) ပထမထပ်၊ (တိုက်ကိုမျက်နှာမူလျှင်-ညာ)၊ အကျယ်အဝန်း (၁၂½ x ၆၀) ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **ဦးမြင့်ထွေး [၁၂/ကတတ(နိုင်)၀၂၆၄၇၅]** မှ တိုက်ခန်းအမည်ပေါက်သူ မိဘနှစ်ပါးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်လာပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ **ဦးသန်းဝင်း [၁၂/ပဘတ(နိုင်)၀၃၃၀၄၈]**က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း (မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းသူအောင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၅၇၆၄)**
**အမှတ်-၃၆၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၈၀၀၅၄၀၆၀၊ ၀၉-၅၀၈၈၆၀၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနရိပ်သာရပ်ကွက်၊ ၁/န၊ မေဃဝတီ(၇)လမ်း၊ အမှတ် (၃၃၆)၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ) ရှိသော မြေနှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဇာခြည်ဝင်း [၁၄/လပတ(နိုင်)၁၄၃၄၈၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဆန်းဝင်းဦး [၉/တသန(နိုင်)၁၆၁၂၈၆] က ဝယ်ယူရန်အတွက် နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်ကို ချုပ်ဆို၍ စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း (မူရင်း)များနှင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဆန်းဝင်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ဖြိုးလတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၀၀၅)**
**အမှတ်(၁၀၆)၊ ပထမထပ်၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၇၀၀၅၂၁၈၅**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘဟန်လမ်း၊ အမှတ်(၆၀)၊ (ပထမထပ်)ဟုခေါ်တွင်သော(အလျား ၅၅ ပေ x အနံ ၁၇ ပေ) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသည့် ဦးကိုကိုဦး[၇/ပမန(နိုင်)၁၁၆၅၅၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်နှင်းပွင့်လှိုင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၄၄)**
**အမှတ်(၃၃၀)၊ ဥဒ္ဒေနာ(၆)လမ်း၊ (ဓ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၀၉၃၂၈၇**

## အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးဝင်းရွှေ [၁၄/ပသန(နိုင်)၁၉၇၇၉၁] အမည်ဖြင့်ချထားပေးသည့် ကွင်းအမှတ်(၁၉၉၄-ပြင်) မကျီးပြင်ကွင်း၊ ဦးပိုင်အမှတ်(၁၀၄)၊ မြေဧရိယာ(၂)ဧကခန့်ရှိ ခြံမြေကို ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေမှ ကျန်ငွေပေးချေကာ ခြံမြေကို လက်ရောက်ရယူမည်ဖြစ်သဖြင့် အဆိုပါ ခြံမြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာစာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်လျှာသာမြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၆၃/၀၄)**
**ဖုန်း-၀၉-၂၅၁၀၁၇၉၇၁**
**အမှတ်(၅)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ် (တရားရုံးအနီး)။**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၂၁-ရပ်ကွက်၊ ဆည်မြောင်းလမ်း၊ အမှတ်(၄၆)၊ (အလျား ၄၀'x အနံ ၆၀')ရှိ မြေကွက်ကြီးအတွင်းမှ ခြေရင်းဘက်ခြမ်း (၂၀' x ၆၀')ရှိ မြေနှင့်အိမ်ကို ပိုင်ရှင်ဖြစ်သူ ဒေါ်နီနီစိုး [၁၂/ဥကမ(နိုင်)၁၇၉၉၀၅]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ပေးအပ်ထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု မူရင်းစာရွက်များနှင့်အတူ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူများမရှိပါက အပြီးသတ်အရောင်းအဝယ်ချုပ်ဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်မြင့် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၁၀၄၄)**
**အမှတ်(၈၃)၊ အခန်း(၇) (ပ-ထပ်)၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၅၆၅၁၃၂၇၅**

## ဖခင်အမည်မှန်

လှည်းကူးမြို့နယ်၊ အထကငါးဆူတောင် (စက်စိုက်မွေး) ဒွါဒသမတန်း (B)၊ ကျောင်းဝင်အမှတ် (၀၅၁၀) မောင်ချမ်းငြိမ်းသူ၏ ဖခင်အမည်မှန်မှာ ဦးမောင်ထူး [၇/ကပက(နိုင်)၀၇၀၅၆၈] ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ လှည်းကူးမြို့နယ်၊ အထက-ကျွန်းကလေး၊ Grade-12 မှ မောင်မင်းသူအောင်၏ဖခင်အမည်မှန်မှာ ဦးသန်းကျော်ဌေး [၇/မညန(နိုင်)၀၇၉၃၉၁] ဖြစ်ပါကြောင်း။

**ဦးသန်းကျော်ဌေး**

## သွေးသည် အသက်

**ဒေါက်တာဦးအောင်ကို**
**အိမ်တိုင်ရာရောက်**
**နားပေါက်ကျယ်ချုပ်သည်၊ နားပေါက်ဖောက်သည်။**
**နဂိုအတိုင်း လှပစွာ ချုပ်ပေးသည်။**
**တစ်ပေါက်(၁၅၀၀၀၀)ကျပ်။ နှစ်ပေါက်(၃၀၀၀၀၀)ကျပ်။**
**PH:09-777747223, 09-772038930**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃၇၊မြေကွက်အမှတ်-၂၅၊မြေကွက်တည်နေရာအမှတ်-၂၅၊သုခလမ်း၊(၃၇)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဦးမြတ်သူရသန့်(၁၂/လမန(နိုင်)၀၃၂၆၅၇)အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအားမြေအမည်ပေါက်(ခင်ပွန်း)ဦးမြတ်သူရသန့်ကွယ်လွန်သဖြင့်(ဇနီး)ဒေါ်သီတာမော်(၁၂/လမန(နိုင်)၀၃၂၆၅၅)မှတစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်းနှင့်အခြားသောဇနီး/မယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊၎င်းသာလျှင်တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့်၎င်းမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊(ခင်ပွန်း)ဦးမြတ်သူရသန့်၏သေဆုံးမှုလက်မှတ်၊အိမ်ထောင်စုလူဦးရေစာရင်း၊နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ရပ်ကွက်၊ ဦးရွှေမှန်လမ်း၊ တိုက်အမှတ်(၂၄၆/၂၄၇) ဟုခေါ်တွင်သည့် တိုက်များအနက်မှ အလယ်တိုက်၊ (၂)ခန်းတွဲ (၃)ထပ်တိုက်၏ ပထမထပ် (ဘယ်ဘက်) (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၆.၅ x ၅၀) ပေရှိသော ရေ၊ မီးအစုံ တိုက်ခန်း(၁)ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသော်ဇင်ကောင်း [၇/ရကန(နိုင်)၀၄၂၃၁၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်စိုး (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၅၂၀)**
**အမှတ်(၆၆)၊ အောင်မင်္ဂလာ(၂)လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၅၂၈၄၄၅၃၊ ၀၉-၄၂၀၉၂၆၆၉၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ ဖိုးစိန်လမ်း၊ အမှတ်(၄/က)၊ အကျယ်အဝန်း အလျား (၂၅) ပေ x အနံ (၅၀) ပေရှိ ဘိုးဘွားပိုင်ရွာမြေအား လက်ရှိထားပိုင်ဆိုင်သော ဒေါ်နှင်းရီလှိုင် [၁၂/အစန(နိုင်)၁၉၆၉၄၅] တို့မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစည်သူလွင် LLB**
**(အထက်တန်းရှေ့နေ) (စဉ်-၅၂၉၀၇)**
**အမှတ် (တိုက် -အေ/၆)၊ အခန်း (၄၀၂)၊ အင်ကြင်းလမ်း၊ ရှုခင်းသာအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၄၂၇၂၆၂၁၀၊ ၀၉-၉၆၂၃၇၈၅၆၃**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဝတီလမ်း၊ တိုက်အမှတ် (၄၀၆)၏ ပထမထပ်(ခြေရင်းခန်း) ဟု ခေါ်တွင်သည့် တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူခြင်းအား ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ဖော်ပြပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ဇင်မေအေး [၁၂/ဥကတ(နိုင်)၁၅၃၇၃၄]က အရပ်ကတိစာချုပ်အဆက်ဆက်အရ အကျိုးခံစားခွင့်၊ ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြု၍ ၎င်းထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးမြင့်ခိုင် [၅/ကနန(နိုင်)၀၅၇၉၃၆]က တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မောင်မောင် အထက်တန်းရှေ့နေ (စဉ်-၄၅၁၂၇/၂၈-၁၁-၂၀၁၄)**
**အမှတ် (၆၆၆/ခ)၊ အင်းဝ (၁၉)လမ်း(က)၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉- ၉၇၁၇၈၈၈၇၈**

## ပိုင်ရှင်အမှန်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု၊ ကျွန်းကလေးတောင်ကွင်း၊ ကွင်းအမှတ် (၉၈၅/B)၊ ဦးပိုင်လုပ်ကွက်အမှတ်-(၂၂/ဃ)ဟု ခေါ်တွင်သော ပုံစံ(၇)ရရှိပြီးဖြစ်သော လယ်မြေအကျယ်အဝန်း ဧရိယာ (၁၁.၈၈) ဧကရှိ ဦးမျိုးညွန့်ထူး [၁၂/အစန(နိုင်)၁၆၈၀၃၁]ကိုင်ဆောင်သူအမည်ပေါက် လယ်မြေကွက်နှင့် ယင်းလယ်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၁၅-၁၁-၂၀၂၃)ရက်နေ့ကတည်းက ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မီမီလွင် [၇/သဝတ(နိုင်)၀၀၁၁၈၃] ကိုင်ဆောင်သူသည် ပိုင်ရှင်ဖြစ်သူဦးကြည်လှ [၁၂/လကန(နိုင်)၂၂၁၄၁၆] ကိုင်ဆောင်သူထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့သော လယ်မြေကွက်ဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းမရှိဘဲ ယင်းလယ်မြေကွက်၏ပိုင်ရှင်သည် ဒေါ်မီမီလွင် တစ်ဦးတည်းသာဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မီမီလွင်၏တင်ပြလွှဲအပ်ချက်အရ-**
**ဒေါ်ရင်ရင်စန်း (LLB)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၂၂)**
**ဖုန်း-၀၉-၄၂၀၂၆၉၂၄၇**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁၇)၊ ဆင်ခေါင်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၆၁)၊ ဦးပိုင်အမှတ်-၄၆၊ ဧရိယာ (၂.၅၂) ဧကအနက်မှ တရားဝင် ခွဲခြမ်းစိတ်ဖြာခြင်းမပြုရသေးသည့် (အလျား ၃၉/၃၉ x အနံ ၃၉/၃၅) ပေရှိ (Y) မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်ရီရီ (ဘ) ဦးဘမောင် [၉/မနမ(နိုင်)၀၁၁၂၈၄]ထံက ဝယ်ယူပိုင်ဆိုင်လျက်ရှိသည်ဟု အဆိုရှိသူ ဦးမျိုးမင်းလတ် (ဘ) ဦးကိုလေး [၁၂/မဂတ(နိုင်)၀၆၄၈၆၇] နှင့် ဦးထက်ရည်လင်း(ဘ)ဦးတင်ဆန်း [၉/မဟမ(နိုင်)၀၀၄၄၂၈] တို့က ယခုမြေကွက်ကို မိမိတို့သာပိုင်ဆိုင်ပြီး အရှုပ်အထွေးကင်းရှင်းပါကြောင်း၊ အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ဝန်ခံအဆိုပြုကမ်းလှမ်းသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေရီ [၁၃/တခလ(နိုင်)၁၃၈၃၇၇] က ဝယ်ယူရန်သဘောတူ၍ မြေကွက်အရောင်းအဝယ်ကတိစာချုပ်ကို (၁၉-၆-၂၀၂၄) ရက်နေ့တွင် ပြုလုပ်ချုပ်ဆိုခဲ့ပြီး အပြီးအပိုင်ဝယ်ယူလက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသဖြင့် ယခုအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်မည့်သူရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်ကစပြီး (၁၀) ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်း၊ မူရင်းအထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ငွေနှင်းဆီစန်း LL.B, D.B.L တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၂၄၇/၂၀၂၁)**
**အမှတ်- ၁၀/၁၂၊ ပထမထပ်၊ ၃၅-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-43200093**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၉)၊ ဗိုလ်စောအောင်လမ်း၊ မြေကွက်အမှတ်(၅၂၆)၊ အကျယ်အဝန်း(၄၀x၆၀) ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုရောင်းချသူဒေါ်သူဇာတင်ဝင်း[၁၃/မရန(နိုင်)၀၁၈၆၅၇]မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြင့်မြင့်သန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၇၆၆)**
**အမှတ်(A-3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊ (၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ ၀၉–၄၅၄၁၅၃၄၇၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် (၆၀) ဟု ခေါ်တွင်သော (၂) ခန်းတွဲ၊ (၆) ထပ်အဆောက်အဦ၏ မြေညီထပ် (ခြေရင်းခန်း)၊ (၁၂ ၁/၂ ပေ x၄၇ ပေ) အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် လျှပ်စစ်မီတာ၊ ရေမော်တာ၊ Air Con (၂) လုံး၊ Presure Pump (၁) လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နန်းစန်းစန်းမြင့် [၁၃/ကမန (နိုင်)၀၆၄၉၆၀] ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့် စပ်လျဉ်း၍ နစ်နာမှု တစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇) ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးမျိုးသူရအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၁၄၈)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉– ၄၄၃၁၁၃၂၁၁**

## သတိပေးတားမြစ်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် –၇၊ မြေကွက်အမှတ်–၄၄၇(က+ခ)၊ ဗိုလ်ခန့်လမ်းနှင့် ဖျာပုံလမ်းထောင့်ရှိ အကျယ်အဝန်း (အလျား ၄၀ xအနံ ၆၀) ပေရှိ နှစ် (၆၀) ဂရန်မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံ ကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ရွှေအီယန်း [၄/မတပ(နိုင်)၀၀၂၄၄၂] အမည်ပေါက်ပိုင်ဆိုင်သည့် မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ကို ပိုင်ရှင် ဒေါ်ရွှေအီယန်း က မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်းမရှိပါ။ ယခုအခါ အထက်ပါမြေကွက်ပေါ်တွင် ဒေါ်ရွှေအီယန်း၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ကျူးကျော်ခြင်း၊ အဆောက်အဦဆောက်လုပ်နေထိုင်ခြင်းအပြင် လွှဲပြောင်း ရောင်းချရန်လည်း စီစဉ်လျက်ရှိကြောင်း သိရှိရပါသည်။ ထိုသို့ ဥပဒေမဲ့ ပြုလုပ်ဆောင်ရွက်နေသူမည်သူကိုမဆို တည်ဆဲဥပဒေအရ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရွှေအီယန်း [၄/မတပ(နိုင်)၀၀၂၄၄၂]**
**Ph:09-799846743**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၅၅)နေ ဦးကျော်ထွန်း[၁၂/လမတ(ပြု)၀၀၀၀၉၅]–ဒေါ်ကျင်ရေး[၁၂/လမတ(နိုင်)၀၀၈၀၅၇]တို့၏ သားကြီး မောင်သက်ပိုင်ဦး[၁၂/လမတ(ပြု)၀၀၀၅၄၇]သည် မိဘ၏ပြောဆို ဆုံးမမှုများကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများကြောင့် သားအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်သက်ပိုင်ဦးနှင့် ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးပြဿနာများနှင့် အခြား မည်သည့်ကိစ္စရပ်များအားလုံးအား ကျွန်မဒေါ်ကျင်ရေးနှင့်(လုံးဝ လုံးဝ)သက်ဆိုင်တော့မည်မဟုတ်ပါကြောင်း မောင်သက်ပိုင်ဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကျင်ရေး[၁၂/လမတ(နိုင်)၀၀၈၀၅၇]**

## ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၃၄) လမ်း၊ အမှတ်(၄၉)(၃ လွှာ) နေ ဒေါ်သန္တာမောင် [၁၂/တမန(နိုင်)၁၁၄၆၇၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ဒေါ်သန္တာမောင်နှင့် ဦးသက်အောင်ဖြိုး [၁၂/ဗတထ(နိုင်)၀၃၃၀၀၄] တို့သည် (၁၉ – ၄ – ၂၀၁၃) ရက်နေ့တွင် နှစ်ဦးသဘောတူ ထိမ်းမြားခဲ့ပါသည်။

ယခုအခါ ဦးသက်အောင်ဖြိုးသည် ငွေကြေးကိစ္စရှုပ်ထွေးမှုများရှိလာ ပြီး (၂၈ – ၆ – ၂၀၂၄) ရက်နေ့မှစပြီး ဇနီးဖြစ်သူထံ ပြန်လာခြင်း ဆက်သွယ်လာခြင်း မရှိတော့ပါ။

သို့ပါ၍ ဒေါ်သန္တာမောင်အနေနှင့် ဦးသက်အောင်ဖြိုးကို ဆက်လက် ပေါင်းသင်းလိုခြင်း မရှိတော့၍ (၂–၇–၂၀၂၄) ရက်နေ့မှစ၍ ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ဦးသက်အောင်ဖြိုး၏ ငွေကြေးကိစ္စ များမှာ ဒေါ်သန္တာမောင်နှင့်လည်း လုံးဝ မသက်ဆိုင်ကြောင်း တာဝန်မယူနိုင်ကြောင်း၊ အဆိုပါကိစ္စများနှင့်ပတ်သက်၍ ဒေါ်သန္တာမောင်အား ဆက်သွယ် နှောင့်ယှက် ခြိမ်းခြောက်ခြင်းများ မပြုလုပ်ရန်လည်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်သန္တာမောင်** | **ဦးရန်နိုင် (မြောင်းမြ)** |
| | **(စဉ် – ၂၈၁၉/၈–၁၁–၁၉၈၄)** |
| | **LL.B; WIPO(Geneva);** |
| | **Dip. Eng(U.K): C.Arabic IV(Cairo)** |
| **ဒေါ်ခင်ဇာနည်ကျော်LL.B, LL.M** | **ဒေါ်အိမွန်ကျော် LL.B, D.I.L** |
| **(စဉ် – ၁၉၀၆၀/၂၄)** | **(စဉ် – ၁၈၆၈၄/ ၂၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**၅၂ – မြေညီ၊ ၁၅၇ လမ်း၊ တာမွေမြို့နယ်။ ဖုန်း – 09–250821486**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်(၁/၂၀၂၄)
## ၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
## (၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် လစ်လပ်လျက်ရှိသော **အငယ်တန်းစာရေး (လစာနှုန်း ၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀)ရာထူး (၂၀)နေရာ** အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်–

- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- (ဂ) အိမ်ထောင်မရှိသူ အမျိုးသား၊ အမျိုးသမီး ဖြစ်ရမည်။
- (ဃ) ၁–၈–၂၀၂၄ ရက်နေ့တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (င) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။
- (စ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် အနည်းဆုံး(၅)နှစ် တာဝန် ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- (ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၂။ လျှောက်ထားသူများသည် အောက်ပါ စာရွက်စာတမ်းများ ပူးတွဲလျက် ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်သို့ **၁၅–၈–၂၀၂၄ ရက်(ကြာသပတေးနေ့) နောက်ဆုံးထား၍ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် လျှောက်ထားနိုင်ပါသည်–**

- (က) ကိုယ်ရေးမှတ်တမ်း
- (ခ) ပညာအရည်အချင်း အထောက်အထားမိတ္တူ (ဘွဲ့လက်မှတ်မိတ္တူနှင့် တက္ကသိုလ် ဝင်တန်းအောင်လက်မှတ်မိတ္တူ)
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့် အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်
- (င) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃)ပုံ

၃။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်များ ပြည့်စုံစွာ ဖော်ပြထားခြင်း မရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတတို့ကို စစ်ဆေးမည်ဖြစ်ပါသည်။ **ရေးဖြေစာမေးပွဲကို ၂၈–၈–၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၉:၃၀)နာရီမှ (၁၂:၃၀)နာရီအထိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။**

၅။ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို ၂၆–၈–၂၀၂၄ ရက်နှင့် ၂၇–၈–၂၀၂၄ ရက်တို့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်၌ ရုံးချိန်အတွင်း ထုတ်ပေးသွားမည်ဖြစ်ပါသည်။ (စာမေးပွဲဖြေဆိုခွင့် ကတ်ပြားပါ နံပါတ်သည် ခုံအမှတ် ဖြစ်ပါသည်)

၆။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်း ပြုလုပ်သွားမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ ဖြေဆိုပြီးသည့်ရက်မှ ရက်သတ္တ (၂)ပတ်အတွင်း လူတွေ့စစ်ဆေးမည့်သူများ၏ အမည်စာရင်းအား ကြေညာသွားမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသား စိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ အလုပ်သမား မှတ်ပုံတင်စသည်တို့ကို မူရင်းတင်ပြနိုင်ရပါမည်။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်– ဖုန်းနံပါတ်၊ ၀၆၇–၃၄၀၉၆၅၈ နှင့် ၀၆၇–၃၄၀၉၁၅၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံး**

## ခြံအမှတ် (၁၅၁)၊ ရေတာရှည်လမ်းဟောင်း၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ပတ်သက်၍ သက်ဆိုင်သူ အများသိစေရန်

အထက်ပါခြံမြေကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်လျက်ရှိသော ဒေါ်ခင်အန်းကြူ [၁၀/မလမ(နိုင်)၁၀၈၆၈၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

အထက်ပါ ခြံမြေကွက်၏ နှစ် (၉၀)ဂရန် အမည်ပေါက်ပိုင်ရှင်မှာ ဒေါ်ခင်အန်းကြူ တစ်ဦးတည်းဖြစ်ပါသည်။ ဒေါ်ခင်အန်းကြူနှင့် ခြံမြေကွက် ထဲတွင် နေသူများအကြား ဖြစ်ပွားခဲ့သော ယခင် အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်–၁၄၉တွင် ချမှတ်ခဲ့သော အမိန့်မှာ ကာလ စည်းကမ်းသတ်ဥပဒေအရ ဒေါ်ခင်အန်းကြူ၏ စွဲဆိုမှုပလပ်ခံရခြင်းသာ ဖြစ်ပြီး ခြံမြေကွက်ထဲ နေထိုင်သူများအတွက် မည်သည့်ပိုင်ရေးဆိုင်ခွင့်ကိုမျှ ချမှတ်ပေးခဲ့ခြင်းမရှိသည့် အမိန့်စီရင်ချက်သာ ဖြစ်ပါသည်။ ဒေါ်ခင်အန်းကြူ ပိုင် ခြံမြေထဲတွင် နေထိုင်သူများမှာ နေထိုင်ခွင့် အခွင့်အရေးမှလွဲ၍ မည်သည့် တရားဝင်ပိုင်ဆိုင်မှုမှ မရှိကြသူများသာဖြစ်ကြပါသည်။

ထို့ကြောင့် တရားဝင် ခြံမြေပိုင်ဆိုင်မှု အထောက်အထားမရှိဘဲ နေထိုင်ခွင့်သာ ရရှိထားသူများသာဖြစ်ပြီး ၎င်းတို့နှင့်ပတ်သက်ပြီး အရောင်း အဝယ် ပြုလုပ်ခြင်း၊ လွှဲပြောင်းနေထိုင်ခြင်း ပြုလုပ်သူများ အပေါ် နှစ် (၉၀) ဂရန်အမည်ပေါက် မြေပိုင်ရှင် ဒေါ်ခင်အန်းကြူမှ ဥပဒေကြောင်းအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းတို့နှင့်ပတ်သက်သူ များ၏ မည်သည့်ထိခိုက်နစ်နာမှုကိုမျှ တာဝန်ယူပေးလိမ့်မည်မဟုတ် ကြောင်း သက်ဆိုင်သူ အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဆွေစင်အိ (LL.B) (LL.M)** | **ဦးလင်းဘုန်းမြတ် (LL.B) (D.I.P.L) (D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၆၉၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၃၈၁)** |

**ဦးအောင်ကျော်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၇၅၄)**
**အမှတ် (၃၈၈/၃၉၈)၊ စတုတ္ထထပ်၊ ကမ်းနားလမ်း၊ အလုံမြို့နယ်။**
**ဖုန်း –၀၉–၅၁၉၄၉၀၉**

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
## အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
## ၂၀၂၄ ခုနှစ်၊မေလနှင့်ဇွန်လအတွင်း ကျပ်တစ်သိန်းနှင့်အထက် လှူဒါန်းခဲ့ကြသော ဆွမ်းအလှူရှင်များနှင့် ပဒေသာပင်ရန်ပုံငွေအလှူရှင်များစာရင်း

### ကမ္ဘာ့နိုင်ငံပေါင်းစုံမှထေရဝါဒရဟန်းသံဃာတော်၊သီလရှင်များအားတစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း ဆွမ်းဆက်ကပ်လှူဒါန်းနိုင်ခဲ့ကြသည့် မဟာကုသိုလ်တော်အလှူရှင်များ

**တစ်နေ့တာဆွမ်းအလှူ**

| | | |
|---|---|---|
| ၁။ | ၂၀–၅–၂၀၂၄ | Ngo Thi Yen Tam (Vietnam) |
| ၂။ | ၄–၆–၂၀၂၄ | Ratana Sanga |
| ၃။ | ၇–၆–၂၀၂၄ | ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)+ဒေါ်ကြိုင်ကြိုင်၊ သား၊ သမီး၊ မြေး မိသားစု |

**နေ့ဆွမ်းအလှူ**

| | | |
|---|---|---|
| ၁။ | ၆–၅–၂၀၂၄ | ဦးအောင်စေသော်+သုဓမ္မသိင်္ဂီဒေါ်ဇာခြည်ဝင့်၊ (သား)မောင်သာယာစေသော် မိသားစု |
| ၂။ | ၁၁–၅–၂၀၂၄ | မောင်ဝင်းကိုမြင့်+မဝင့်ဝါဝါလှိုင် မင်္ဂလာဦးဆွမ်းအလှူ |
| ၃။ | ၂၂–၅–၂၀၂၄ | ဦးလှထွန်းဖြူ အသက်(၆၀)ပြည့် မွေးနေ့အထိမ်းအမှတ် |
| ၄။ | ၂၃–၅–၂၀၂၄ | ဦးစောမြင့်ကွယ်လွန်ခြင်း(၁)နှစ်ပြည့်အားရည်စူး၍ ဒေါ်သန်းသန်းဦးနှင့်သား၊ သမီး၊ မြေး မိသားစု |
| ၅။ | ၂၉–၅–၂၀၂၄ | ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၃)သူရတပ်ဖွဲ့(၄၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် |
| ၆။ | ၅–၆–၂၀၂၄ | Nguyễn Viết Nga and her sons, Le Huy Long and Lê Viết Tuấn (Vietnam) |
| ၇။ | ၆–၆–၂၀၂၄ | ဦးအောင်မြင့်အားရည်စူး၍ဒေါ်အားဖန်အားအမှူးထားပြီး (သား)သုဓမ္မမဏိဇောတရေ ဦးမောင်မောင်နိုင် (မဏိရွှေစင်ကျောက်မျက်ရတနာရောင်းဝယ်ရေး) မိသားစု |
| ၈။ | ၉–၆–၂၀၂၄ | သမဝါယမဝန်ထမ်းများနှင့် ကုသိုလ်ရှင်မိသားစုများ |
| ၉။ | ၁၀–၆–၂၀၂၄ | နှစ်ဖက်သောမိဘဆွေမျိုးများအားအမှူးထား၍ကိုရူပ+ဒေါက်တာနှင်းဟေမာန်အောင်၊ သမီး မသဒ္ဒါဖြူ၊ မမေတ္တာဖြူ YP-7 မိသားစု |
| ၁၀။ | ၁၁–၆–၂၀၂၄ | ကွယ်လွန်သူ မိခင်ဒေါ်မြမြဝင်းအား ရည်စူး၍ ကျန်ရစ်သူမိသားစု |
| ၁၁။ | ၂၃–၆–၂၀၂၄ | ဒေါ်အေးအေးသိန်းကွယ်လွန်ခြင်း(၃)နှစ်ပြည့်အားရည်စူး၍ ဦးအေးလွင်(သား)Dr.ကောင်းထူးလွင်+ဒေါ်နန်းငုဝါဝါလှိုင်နှင့်သမီး(၂)ဦး၊(သား)Dr.ဖြိုးသက်လွင် (သား)ဗိုလ်ကြီးထူးဝေလွင်+ဒေါ်ယုဇနမောင်မောင်နိုင် မိသားစု |
| ၁၂။ | ၂၈–၆–၂၀၂၄ | ကိုသော်ဇင်အောင်+မအိအိဇော်မိသားစု မွေးနေ့အလှူ |

**ဆွမ်းပဒေသာပင်ရန်ပုံငွေ**

| | | | |
|---|---|---|---|
| ၁။ | ၁၃–၅–၂၀၂၄ | ဦးဖေသက်+ဒေါ်ငွေးငွေး မိသားစု | ၂,၀၀၀၀၀ိ/– |
| ၂။ | ၃၁–၅–၂၀၂၄ | ဦးဖေသက်+ဒေါ်ငွေးငွေး မိသားစု | ၂,၀၀၀၀၀ိ/– |
| ၃။ | ၁၄–၆–၂၀၂၄ | ဦးဖေသက်+ဒေါ်ငွေးငွေး မိသားစု | ၂,၀၀၀၀၀ိ/– |

**ဆေးပဒေသာပင်ရန်ပုံငွေ**

| | | | |
|---|---|---|---|
| ၁။ | ၁၃–၅–၂၀၂၄ | ဦးဖေသက်+ဒေါ်ငွေးငွေး မိသားစု | ၂,၀၀၀၀၀ိ/– |
| ၂။ | ၁၅–၅–၂၀၂၄ | Rev.Chuc Tuong & Rev.Anyalitā | ၂,၀၀၀၀၀ိ/– |
| ၃။ | ၂၉–၅–၂၀၂၄ | ဦးသိမ်းစိုး+ဒေါ်သန်းနု မင်္ဂလာနှစ်ပတ်လည်အထိမ်းအမှတ် | ၁,၁၀၀၀၀ိ/– |
| ၄။ | ၃၁–၅–၂၀၂၄ | ဦးဖေသက်+ဒေါ်ငွေးငွေး မိသားစု | ၂,၀၀၀၀၀ိ/– |
| ၅။ | ၁၄–၆–၂၀၂၄ | ဦးဇယန္တ မွေးနေ့အလှူ | ၂,၀၀၀၀၀ိ/– |
| ၆။ | ၁၄–၆–၂၀၂၄ | ဦးဖေသက်+ဒေါ်ငွေးငွေး မိသားစု | ၂,၀၀၀၀၀ိ/– |

**ပညာရေးပဒေသာပင်ရန်ပုံငွေ**

| | | | |
|---|---|---|---|
| ၁။ | ၄–၅–၂၀၂၄ | A Vietnamese devotee, Nguyen Viet Nga | ၈,၀၀၀၀၀ိ/– |
| ၂။ | ၁၃–၅–၂၀၂၄ | ဦးဖေသက်+ဒေါ်ငွေးငွေး မိသားစု | ၁,၀၀၀၀၀ိ/– |
| ၃။ | ၂၇–၅–၂၀၂၄ | LEE ENG MAY (Ven.DUN YI) | ၄,၀၀၀၀၀ိ/– |
| ၄။ | ၃၁–၅–၂၀၂၄ | ဦးဖေသက်+ဒေါ်ငွေးငွေး မိသားစု | ၁,၀၀၀၀၀ိ/– |
| ၅။ | ၁၄–၆–၂၀၂၄ | ဦးဖေသက်+ဒေါ်ငွေးငွေး မိသားစု | ၁,၀၀၀၀၀ိ/– |

